


ဝင်းဝင်းမြင့်



ဝင်းဝင်းမြင့်

4 472682 672008

mgyoe.com SAMPLE BOOK


## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသည့်အကြိမ် - တတိယအကြိမ်၊ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ
ဒုတိယအကြိမ်၊ ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ။
(လာဘ်မိုးရွာစာပေ)
ပထမအကြိမ်၊ ၁၉၉၅ ခုနှစ်၊ နိုဝင်ဘာလ။
(ယနေ့မန္တလေးစာအုပ်တိုက်)

အုပ်ရေ - ၅၀၀

ထုတ်ဝေသူ - လင်းလွန်းခင် စာပေတိုက် (၀၀၇၅၉)
တိုက်-D၊ ပထမထပ်(လယ်)၊
လိပ်ကန်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ - ပုံရိပ်ရှင် ပုံနှိပ်တိုက် (၀၀၈၃၆)
အမှတ် (၈)၊ အိမ်ကြီးလမ်း၊ ရေကျော်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပန်းချီ - ဇော်မောင်

ဖလင် - Eagle

စာစစ် - ဇသစ်ထွန်း

အတွင်းအပြင်အဆင် - ပုံရိပ်ရှင်

တန်ဖိုး - ၃၀၀၀ ကျပ်

၈၀၈.၈၄
ဝင်းဝင်းမြင့်
ဝတ်မှုန်ခြေသံ၊ ဝင်းဝင်းမြင့်၊ - ရန်ကုန်။
ဇလပ်နီစာပေတိုက်၊ ၂၀၁၉။
စာ-၁၇၄၊ ၁၂.၅ × ၁၈.၅ စင်တီ
(၁) ဝတ်မှုန်ခြေသံ


mgyoe.com

mgyoe.com SAMPLE BOOK

# စာရေးသူရဲ့ ပီတိစကား

ဒီစာအုပ်က ကျွန်မရဲ့ ပထမဆုံး လုံးချင်းဝတ္ထုလေးပါ။ ၁၉၉၅-ခုနှစ်က ထုတ်ခဲ့တာဆိုတော့ (၂၄) နှစ် ကြာခဲ့ပါပြီ။ ၂၀၁၁-ခုနှစ်က ဒုတိယအကြိမ် ပြန်လည်ထုတ်ဝေခဲ့ပါတယ်။ ခုချိန်မှာတော့ စာချစ်တဲ့ လူငယ်ထုတ်ဝေသူလေးက နှစ်သက်တယ်လို့ ဆိုလာတော့ အတိုင်းမသိ ဝမ်းသာရပါတယ်။ စာချစ်တဲ့ လူငယ်လေးများရဲ့ လှပလာမယ့် အနာဂတ်ကို မျှော်လင့်ခြင်းများစွာနဲ့ ကြိုဆိုပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဝင်းဝင်းမြင့် (နန်းတော်ရှေ့)

၂၅-၁၀-၂၀၁၉

❐

ဇလပ်နီစာပေ

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

မင်နီတံကိုင်ထားသောလက် အလိုလို တုံ့ဆိုင်းသွားသည်။ ဟောဒီ လက်ရေး။ ဟောဒီ စာအုပ်။ ဟောဒီ ကောင်ကလေးကတော့လေ။

ဒါပေမဲ့ အဲဒီစာအုပ်ထဲမှာ 'အမှားသင်္ကေတ'ကို ပြီးစလွယ် ရေးဖြစ်မှာကိုလည်း စိုးရိမ်မိပြန်၏။ အမှားတော့ အမှားပေါ့လေ။ အဲဒီ အမှားဆိုတာကြီးနဲ့ တိုက်ရိုက်ပတ်သက်စပ်ဆိုင်သူတွေ အတွက်သာ ထိုက်ထိုက်တန်တန် ရစေသင့်တဲ့ 'အမှားသင်္ကေတ'တစ်ခုအတွက် မင်နီကိုင်သော လက်များ သမာသမတ်ကျစွာ စဉ်းစားချင့်ချိန်ဖို့ မလိုအပ်ပေဘူးလား။

တစ်ယောက်တည်းနှင့် ဆိုင်သော သီးသန့်အမှား။ အမျိုးစုကြောင့် တစ်ဦးတစ်ယောက်တည်းက လက်ခံလိုက်ရသော အမှား။ ခေတ္တခဏသာ မှားတတ်သော အမှား။ မှားကြောကြီး ရှည်မည့် အမှား။ မရည်ရွယ်ဘဲ မှားသော အမှား။ ရည်ရွယ်လျက် အငြိုးကြီးစွာ ဖွတ်မိုတ်သော အမှား။ အမှားပေါင်း မြောက်မြားစွာသည် မင်နီတံတစ်ချောင်း၏ အောက်မှာ ဘယ်လို



mgyoe.com

အနေအထားမျိုးနှင့် ရှိနေကြမှာလဲ။ မေသော်သည် အတွေးတွေ မှုန်သီဝေဝါး လျက် မောလျသော သက်ပြင်းကို လွှင့်ထုတ်လိုက်သည်။ မင်နီတံကို လက်မှ လွှတ်ချလိုက်သည်။

"ဒီသက်ပြင်းတွေကို ငါ မချချင်တော့ဘူး တာပေတူးရယ်"

ဟု စိတ်ထဲမှ ညည်းတွားလျက် စာကြည့်စားပွဲမှ ခွာလိုက်သည်။ ပြီး မှန်ပြတင်းကို ဖွင့်လိုက်၏။ အေးစိမ့်သန့်ရှင်းသော လေပြေညင်းတို့က မေသော့် ထံသို့ ပေ့ါပါးစွာ ပြေးလွှားခိုဝင်ကြသည်။ လတ်ဆတ်သော လေကို တဝကြီး ရှူပစ်လိုက်တော့ အနည်းငယ် လန်းဆန်းသွားသည်။ အပြင်ဘက်မှာတော့ နှင်းတွေက ဝေလို့။

အဲဒီအခြေအနေမျိုး မေသော့် ရင်ထဲမှာလည်း ဝေဝေဝါးဝါး ဖြစ်နေ သည်။ ရင်ထဲမှာ ဝေနေတာကတော့ နှင်းမဟုတ်။ သောကဖြစ်သည်။ တကယ် တော့ ပြင်ပလေထုကပေးသော စိမ့်စိမ့်အေးအေး အရသာသည် ရင်ထဲသို့ ထိုးဖောက်မသွားနိုင်ဘဲ အသားထဲမှာသာ လမ်းစပျောက်သွားခဲ့သည်။ ခြေဖျား၊ လက်ဖျား၊ နားရွက်ဖျားကလေးတွေသာ သိသိသာသာ အေးစက်လာခဲ့သည်။ ရင်ထဲမှာတော့ အေးမြငြိမ်းချမ်းမှုကို ရှာဖွေမတွေ့ရှိနိုင်။ မှန်ပြတင်းကို ပိတ်မည် ပြုပြီးမှ မပိတ်ဖြစ်တော့ဘဲ ဒီအတိုင်းပဲ ဖွင့်ထားလိုက်သည်။ နှင်းမှုန်တွေက အခန်းထဲသို့ တသဲသဲ ဝင်လာသည်။

"တစ်လောကလုံးကို ဝေဝါးသွားအောင် ဖုံးနိုင်စွမ်းတဲ့ နှင်းမှုန်တွေ ဟာ တစ်ချိန်ချိန်မှာတော့ နေရောင်ခြည်ကို ဦးညွှတ်ရဦးမှာပဲ"

ထိုအတွေးစသည် ဟိုတစ်ယောက်ကို သတိရဖို့ လက်တို့သလို ဖြစ်သွားသည်။ သူက အရာရာမှာ ဦးညွှတ်ခံချင်သူ မဟုတ်လား။ 'ဒီမှာ နေရောင်ခြည်ကလေး' လို့ သူ့ကိုယ်သူ ညွှန်းနေဦးမှာ။

ဒါပေမဲ့ မေသော်က ထုံးစံအတိုင်း မဲ့ပြုံးတစ်ပွင့် လက်ဆောင်ပေးရုံ မျှသာပါပဲ။ ဟင်း... သူ့လို လူလား။ နေရောင်ခြည် ဖြစ်ရမှာ။ သူဟာ နေရောင် ခြည်လိုလူ ဟုတ်ကို မဟုတ်နိုင်ဘူးဆိုတာ မေသော် အသိဆုံးပဲ ဖြစ်သည်။ အားလုံး သိရှိလက်ခံနိုင်ဖို့တော့ အရေးတကြီး လိုအပ်ချက်တစ်ခုပါပဲ။

စာကြည့်စားပွဲသို့ ပြန်ထိုင်မိသောအခါ သူသည် အတွေးထဲမှ ပျောက်ပျက်သွားပြန်လေသည်။



mgyoe.com

mgyoe.com SAMPLE BOOK

ဒီအချိန်မှာ သူ့ထက် အရေးကြီးတာ ဟောဒီအဖြေ စာအုပ်ရှင် ကလေးတစ်ယောက်သာ ရှိနေပြန်၏။

ကြည့်စမ်းပါဦး။ ရေးထားလိုက်တာ။ အတန်းထဲမှာရှိတဲ့ ကလေး နှစ်ဆယ့်ငါးယောက်မှာ ဒီလက်ရေးမျိုး ရေးတတ်တာ တာပေတူး တစ်ယောက်ပဲ ရှိသည်။ ပြီးတော့ သူ့လို နေတတ်ထိုင်တတ်တာလည်း သူ တစ်ယောက်တည်းပါပဲ။

ဆုံစည်းခွင့်ရခဲ့သမျှ ကလေးပေါင်းမြောက်မြားစွာမှာ သူကတော့ ဆရာမကို စိုးမိုးနိုင်ဆုံး။ ရှုပ်ထွေးနိုင်ဆုံး ကောင်လေး။

တစ်ခါတစ်ခါမှာတော့ -

"မင်း ငါ့ကို တစ်သက်လုံး လိုက်ပြီး ရှုပ်ထွေးနေဦးတော့မှာလား"

ဟု ဒေါသဖြစ်ရသည်။

ထိုဒေါသသည် ကြာရှည်ခံသော အနေအထားမှာ မရှိဘဲ မြေဖျောက် နှစ်သိမ့်သူ မပေါ်ပေါက်သည့်တိုင်အောင် သူ့အလိုလိုပင် ပြေပြေပျောက်ပျောက် ဖြစ်ရပြန်လေသည်။

"ဘာပဲဖြစ်ဖြစ်ပေါ့လေ။ ငါတွေးတတ်လာအောင် သင်ပေးခဲ့တာ မင်းပါပဲ တာပေတူးရေ။ ဒီအတွက် မင်းကို ငါကျေးဇူးတင်တယ်။ တစ်လောက လုံးက မင်းကိုမြင်တဲ့ အမြင်နဲ့ မင်းပေါ်မှာ နားလည်တဲ့အမြင်တွေ မတူညီသမျှ ငါ့မှာ သောကပွေနေရလိမ့်ဦးမယ်။ မင်းရဲ့ ရှေ့မှာ မားမားမတ်မတ်ရပ်ပြီး ဘယ်လောက်ပဲ အရိပ်မိုးပေးခဲ့ပေမယ့် တကယ်တော့ မင်းကို ငါ ခုထိမလွှမ်း မိုးနိုင်သေးဘူး သားရဲ့"

ဝမ်းနည်းငွေ့ဝင်သော အတွေးများထဲမှာ စိတ်ညစ်အားလျော့မှုတွေ မပါစေရအောင် အတတ်နိုင်ဆုံး သန့်စင်ထားရသည်။ ကလေးတစ်ယောက် အတွက် မျှော်လင့်တောင့်တအပ်သော အရာဆိုတာ ရှိကိုရှိရဦးမှာပေါ့။ မျှော် လင့်တာထက် ပိုပြီး တိကျခိုင်မာတဲ့ ယုံကြည်မှုဆိုတာရော ဆရာမတစ်ယောက် ၏ မေတ္တာစေတနာ အဟုန်ဖြင့် ဖန်တီးတည်ဆောက်မှုကို ပြုလိုက်ချင် သေးသည်။

မေသော်၏ စိတ်ဆန္ဒကို မလိုက်လျောနိုင်သူသည် ကံကြမ္မာလား၊ ဒါမှမဟုတ် ပတ်ဝန်းကျင်လား။ ဒါမှမဟုတ် အခြေအနေတစ်ခုခုလား။ အဲဒါ


mgyoe.com

တွေကို တွေးနေဆဲမှာပဲ တာပေတူးနှင့် တိုက်ရိုက်မပတ်သက်သည့်တိုင်အောင် အနည်းငယ် ငြိနေသည့် အခြေအနေ ဆိုးဆိုးတစ်ခုသည် မေသော်တို့ မိသားစု အတွင်းသို့ ဝင်ရောက်နှောင့်ယှက်စ ပြုခဲ့လေပြီ။

အပြေးအလွှား ရေတွက်မှ သုံးယောက်သာရှိသော မိသားစုထဲမှာ အိမ်၏အမိက ဘွားဘွားသည် မေသော့်ကို မခေါ်မပြော အသိအမှတ် မပြုတာ တစ်ပတ်ခန့် ရှိခဲ့ပြီ။ မေသော့်ကို အလွန်ချစ်သော၊ ဗျစ်တောက်ဗျစ်တောက် ပြောပြီး အပြစ်တင်မဆုံး ရှိတတ်သော အပျိုကြီး ဒေါ်လေးဖြူက စကား တစ်ခွန်း မပြောလိုက်နှင့်။ ပြောသည့်စကား ဆုံးခါနီးလျှင် မဆီမဆိုင်ရှိသော ပြဿနာတစ်ခုဆီသို့ ဆွဲခေါ်သွားတတ်၏။ မေသော့်မှာတော့ အဆုတ် အတက်ခက်သော လမ်းတစ်ခုမှာ ပိတ်မိနေသလို ကျပ်တည်းကျဉ်းမြောင်း နေသည်။

"အံ့ဩပါရဲ့ မေသော်ရယ်။ ကိုယ့်ကိစ္စ ကိုယ် ဆုံးဖြတ်ရမှာပဲ့။ သူများတွေရဲ့ အဖြစ်အပျက်နဲ့ ကိုယ့်အဖြစ်အပျက် တူမလား။ ညည်းကိုယ်က အတွေးခေါင်လွန်းတယ်။ အဲဒီ တာပေတူးဆိုတဲ့ ကောင်လေးကို ရှုပ်ပါတယ် အေ။ သူရင်လည်း မြန်မြန်စာမေးပွဲအောင်ပြီး ညည်းအတန်းက မြန်မြန်ထွက် သွားမှပါ"

ဒေါ်လေးဖြူက ဒီလိုပြောလာသည့်အခါမှာတော့ မေသော်၏ ထိန်း သိမ်းတားဆီးခဲ့ရသည့် လူမှုရေးဝတ္တရား ဝန်ထုပ်ဝန်ပိုးကြီးသည် အလိုလို ကြွတက်လာခဲ့ပြီး ပြင်းထန်စွာ ပေါက်ကွဲလွင့်စဉ်ရတော့၏။

မဆိုင်လိုက်တာ။ ဘာမှမဆိုင်ဘူး။ ပြောချင်လွန်းသော စကားတို့က နှုတ်ဖျားမှာ တစ်ဆို့လျက်။ ရင်ထဲမှာတော့ ဗလောင်ဆူနေသည်။ တစ်သက်လုံး ချစ်ခင်မြတ်နိုး အားကိုးတွယ်တာခဲ့သော ဒေါ်လေးဖြူကို ထိုစကားတစ်ခွန်း ဖြင့်ပင် မုန်းပစ်လိုက်ချင်စိတ်တွေ ပေါ်ပေါက်ခဲ့၏။ ဒါပေမဲ့ မေသော် ပြောသမျှ၊ တုံ့ပြန်သမျှကို မျက်လုံးကလေး ပုတ်ခတ် ပုတ်ခတ်နှင့် နားထောင်ပေးပြန် တော့လည်း ဒေါ်လေးဖြူပေါ်မှာ စိတ်ပြေရပြန်၏။

"သမီးကိစ္စနဲ့ တာပေတူးနဲ့ ဘာမှမဆိုင်ပါဘူး ဒေါ်လေးဖြူရာ။ တာပေတူးကတစ်ဆင့် မတွေ့ကြုံဖူးသေးတဲ့ လူမှုရေးအခြေအနေတွေကို သိရ၊ နားလည်ရတဲ့အကြောင်း ပြောပြထားမိတာနဲ့ပဲ သမီးကို ဒေါ်လေးဖြူတို့က



mgyoe.com

mgyoe.com SAMPLE BOOK

သံသယဝင်နေကြတာပါ။ သမီးမှာ စဉ်းစားဝေဖန်တတ်တဲ့ ဦးနှောက်လည်း ရှိတယ်။ ခံစားတတ်တဲ့ အသည်းနှလုံးလည်း ရှိပါတယ်။ သမီးကို မကျေနပ်ရင် သမီးကိုပဲ အပြစ်တင်ပါ။ ဘာမှမဆိုင်တဲ့ ကလေးကို ဆွဲမထည့်ပါနဲ့"

မေသော်သည် တာပေတူးနှင့် ပတ်သက်သမျှ ခေါင်းမငုံ့။ နှုတ်မနေးခဲ့။

"ကောင်စုတ်ကလေးရယ်။ ငါ့မှာ နင့်အမေထက်တောင် နင့်ကို ကာကွယ်ရသေးတယ်"

ဟု ပြောလျှင် ကလေးက -

"ဆရာမသာ အမေဆို ကောင်းမှာ"

ဟု ပွင့်လင်းစွာ တောင်းတောင်းတတ ပြောရှာသည်။ ထိုအခါမှာတော့ -

"အောင်မယ်...နင့်လို ခွေးဆိုးလေးမျိုး ငါဘယ်တော့မှ မမွေးဘူး"

ဟု စကားနိုင်လုရ၏။

ဆရာတပည့်နှစ်ယောက် ဘယ်အခါမျိုးမှာပဲ တည့်ရှိခဲ့ပေမယ့် စာနှင့်ပတ်သက်လာလျှင် မေသော်နှင့် ကောင်ပျင်းကလေးတို့ ရန်ပွားကြရတော့သည်။

"မေသော်... နှင်းတွေနဲ့ အေးစက်နေတာ ဘာဖြစ်လို့ တံခါးကြီးဖွင့်ထားရတာလဲ"

ဒေါ်လေးဖြူက အခန်းထဲသို့ ဝင်လာသည်။

"ရင်တွေ ပူလွန်းလို့ပါ ဒေါ်လေးဖြူရယ်။ တာပေတူးလေ လုပ်လိုက်ပြီ။ စာမေးပွဲသိပ်နီးနေတဲ့ အချိန်မှာ သမီးကို ညာပြန်ပြီ။ ပါးစပ်ကတော့ စာတွေရပြီ၊ ရပြီနဲ့ ရေးခိုင်းတော့ ကြည့်စမ်းပါဦး လျှောက်ခြစ်ထားလိုက်တာ"

မေသော့်စကား မဆုံးမီပင် ဒေါ်လေးဖြူသည် အခန်းတွင်းမှ ထွက်သွားပြီ ဖြစ်၏။ မေသော် ပို၍ မောသွားသည်။ ပြီးတော့ တစ်စုံတစ်ခုအတွက် မခံချင်စိတ်တွေလည်း အလိုလို ဖြစ်လာမိသည်။ ထိုအခါ တာပေတူးကို စိတ်ဆိုးပြေသွားပြန်၏။

"နင် သိပ်ကံဆိုးတာပဲ ကောင်လေးရယ်။ ကံကို လွဲချလိုက်မိတဲ့အတွက် ငါ နည်းနည်းညှံ့ချင် ညှံ့သွားလိမ့်မယ်။ ခုချိန်မှာ ကံတရားကိုမှ


mgyoe.com

အပြစ်မတင်ရင် မင်းရဲ့ ခြေနှစ်ချောင်းကို ဆွဲပြီး ဘယ်ရောက်ရောက် ဘယ်ပေါက်ပေါက် လွှင့်ပစ်လိုက်ဖို့ပဲ ရှိတယ်"

မေသော့် အတွေးထဲမှာပင် ထားစရာနေရာ မရှိလောက်အောင် တာပေတူးအတွက် နေရာရှားပါးလှ၏။ အတွေးကနက်လေ စိတ်ထဲမှာ ခိုးလိုးခုလု ဖြစ်လာလေ။ ဒေါသပစ်မှတ်သည် တာပေတူးထံသို့ ပြန်၍ ထိုးစိုက်သွားပြန်သည်။

"ကြည့်စမ်း၊ ဒီလိုအချိန်မျိုးမှာ ဆရာမကို လှည့်စားချင်တဲ့ ခွေးကောင်လေး။ ဒီတစ်ခါ လှည့်စားခံရတဲ့သူက ငါမဟုတ်ဘူး တာပေတူးရဲ့ မင်းကိုယ်တိုင်ပဲ။ မင်းဒုက္ခရောက်တော့မယ်"

မေသော်က စာအုပ်နှင့် မျက်နှာ မခွာနိုင်သေးဘဲ မကျေမနပ် ရေရွတ်ရင်း စိုးရိမ်မိပြန်သည်။ မျက်စိထဲမှာတော့ ဆံပင်တိုတို၊ မျက်လုံးပြူးပြူး၊ နှာတံပေါ်ပေါ်နှင့် ရယ်လိုက်လျှင် ပါးချိုင့်ကလေး ခွက်သွားတတ်သော ခပ်ချောချော ကောင်လေးကို မြင်ယောင်နေမိသည်။ သူ့ရုပ်ရည်ကလေးနှင့် 'တာပေတူး' ခေါ်ရမှာ အားနာစရာ ကောင်းလှ၏။ ကျောင်းအပ်ခါစက နာမည်အတိုင်း 'သူရရဲထက်' ဟုခေါ်ရန် အခါခါ ကြိုးစားခဲ့သည်။ ဒါပေမဲ့ အဲဒီနာမည်ကို မခေါ်ရလောက်အောင်ပင် သူရသတ္တိနှင့် ပြည့်စုံလွန်း၊ ရဲတင်းလွန်း၊ ထက်မြက်လွန်းသောကြောင့် ငယ်နာမည် တာပေတူးလောက်နှင့်သာ နှုတ်မြိန်တင်းတိမ်ခဲ့ရသည်။

"ဆရာမကလည်း သားနာမည်က ထက်လွန်းလို့ မခေါ်ရဲဘူးဆိုတော့ တာပေတူးဆိုတဲ့ နာမည်ကြီးကရော လူဆိုးနာမည်ကြီး မဟုတ်ဘူးလား"တဲ့။ အဲဒီလိုမျိုးတွေ မေးတတ်ခဲ့၏။

"မင်း လိမ်လိမ်မာမာ နေရင်တော့ လူနဲ့လိုက်တဲ့ နာမည်တစ်ခု ဆရာမ ပြောင်းပေးမှာပေါ့။ ဒီနှစ် လေးတန်းမအောင်ခင် ပြောင်းပေးမှာပါ။ မလိမ္မာလို့တော့ မဖြစ်ဘူးနော်။ လူဆိုတာ နာမည်နဲ့ လိုက်ရတယ်"

"သား စာကျက်ပါတယ်။ ခုဆို ဆရာမ ကျက်ခိုင်းထားတဲ့စာတွေ သုံးဘာသာတောင် ပြတ်သွားပြီ"

ဟု အတန်းကြီးစတိုင်နှင့် ကြွား၏။

"ဟဲ့... ဟုတ်ရဲ့လား။ ဆရာမက တစ်ဘာသာကို အပုဒ်နှစ်ဆယ်တောင် ကျက်ခိုင်းထားတာ။ မင်းမကြွားနဲ့နော်"



mgyoe.com

"မကြွားပါဘူး။ မယုံရင် ဆရာမ ဆိုခိုင်းလေ။ ကြိုက်တာ ဆိုခိုင်း"

"အေးအေး...မင်းကို လက်တွေ့မှ ယုံမယ်။ မင်း တကယ်စာတွေ ရရင် ဆရာမက ဆုချဦးမှာပေါ့"

ဆရာတပည့် ဈေးတည့်ပြီးကာမှ ဒီဇင်ဘာ ကျောင်းပြန်ဖွင့်ပြီး ကတည်းက မေသော်သည် တာပေတူးနှင့် အထိအတွေ့ နည်းခဲ့သည်။ စဉ်ဆက်မပြတ် သင်ကြားမှုသင်တန်းတွေ ပြေးတက်လိုက်ရ၊ လမ်းဖွင့်ပွဲတွေ ချီတက်လိုက်ရ၊ မာရသွန်ပွဲမှာ ဒိုင်လုပ်လိုက်ရနှင့် စာသင်ခန်းကို အတန်းနီးချင်း ဆရာမတစ်ဦးနှင့် ခဏခဏ လွှဲထားခဲ့ရသည်။

မေသော်တို့ကျောင်းမှ ကျောင်းအုပ်ဆရာမကြီးသည် အသက် အရွယ် အိုမင်းလှပြီး ပင်စင်ယူခါနီးမှာ ကျန်းမာရေးကလည်း ချူချာလှ၍ ကျောင်း၏ ပြင်ပကိစ္စများကို မေသော်ကပင် တာဝန်ယူနေရသည်။ ယောကျ်ား ဆရာ တစ်ဦးတစ်ယောက်မှ မရှိဘဲ ဆရာမဦးရေ ဆယ့်နှစ်ယောက်သာရှိသော ကျောင်းကလေးဆိုတော့ တစ်ယောက်နှင့်တစ်ယောက် သူ့အလုပ် ကိုယ့် အလုပ် တွက်ကပ်နေလို့ မရနိုင်တော့ဘဲ အဆင်ပြေသလို လှုပ်ရှားကြရသည်။

မေသော်တို့ကျောင်းမှာ အသက်ကြီးကြီးဆရာမတွေ၊ အိမ်ထောင် သည်တွေ၊ စက်ဘီးမစီးတတ်တဲ့ ဆရာမတွေကို ဖယ်လိုက်လျှင် သွက်လက်စွာ လှုပ်ရှားမည့် ဦးရေက အလွန်နည်းပါးသွားသည်။ အစည်းအဝေးမှအစ ပြင်ပ ကိစ္စတွေ ပေါ်လာလျှင် မေသော်တို့လို လူငယ်သုံးလေးဦးသာ တစ်လှည့်စီ သွားကြရသည်။ ထို့ကြောင့် နောက်မှာကျန်ခဲ့သောအတန်းမှ ကလေးများ အတွက် ဆရာမ မရှိစဉ်မှာ အဆင်ပြေအောင် တစ်နည်းတစ်ဖုံ ကြံဖန်ရ လေသည်။

အရေးတကြီးကျက်ရန် ဘာသာအလိုက် ခေါင်းစဉ်များကို သတ်မှတ် ပေးရ၏။ ဆရာမ မရှိသော အချိန်များမှာ အလွတ်ရေးရန် ကျန်ခဲ့သော ဆရာမ များက စီစဉ်ပေးရသည်။ မေသော်က သူတို့၏ လေ့ကျင့်ခန်းစာအုပ်များကို အိမ်သို့ သယ်လာပြီး သူတို့တွေ၏ အခြေအနေကို စစ်ဆေးရသည်။

ဒီကောင်ကလေးနဲ့ ခက်တယ်။ ဘယ်လို လုပ်ရပါ့မလဲ။

အလိုလိုနေရင်း ကိုနိုင့်ကို အလိုရှိမိပြန်၏။ တာပေတူးအတွက်ပါပဲ။ ကိုနိုင်သည် တာပေတူးအတွက် အကြံဉာဏ်ကောင်းများကို ကလေးသူငယ်


mgyoe.com

mgyoe.com SAMPLE BOOK

စိတ်ပညာဖြင့်ယှဉ်၍ ပေးခဲ့ဖူးသည်။ အဲဒီကျေးဇူးတွေကိုလည်း မေသော်က အသိအမှတ်မပြုဘဲ မနေနိုင်။ ဒါပေမဲ့ ကျေးဇူးတုံ့ပြန်ဖို့သာ ခက်ခဲစွာ ရွေးချယ်နေရတာ။

မတွေးချင်။ ဘာကိုမှ မတွေးဘဲ နေလိုက်ချင်သေးသည်။ ခုချိန်မှာ တွေ့တွေ့ဆိုင်ဆိုင် တွေ့ရမည့်သူက တာပေတူးလည်း မဟုတ်။ ကိုနိုင်လည်း မဟုတ်။ ဘွားဘွားသာ ဖြစ်သည်။ မေသော့်ကို စိတ်ကောက်နေသော ဘွားဘွားကို ချော့မော့ရန် မေသော်သည် အချိန်အတော်လေး ယူခဲ့ရသည်။ ဒီကနေ့တော့ ခွင့်သာမယ် ထင်ပါရဲ့။

မေသော်က စာအုပ်ကိုပိတ်ပြီး ထိုင်ရာမှ ထလိုက်သည်။ စားပွဲမှ ခွာကာ အိပ်ခန်းဆီသို့ လှမ်းလာခဲ့ပြီး ခုတင်ဘေးမှ မှန်တင်ခုံပေါ်မှာ ဝင်ထိုင်လိုက်၏။ မှန်ထဲမှ ပေါ်လာသော မေသော်၏ ပုံရိပ်များသည် ဘွားဘွားမုန်းမည့် ပုံစံအမျိုးအစားပင် ဖြစ်သည်။ မျက်နှာမှာ သနပ်ခါးမရှိ။ ဆံပင်ဖြီးသင်မထား။ အင်္ကျီအနွေးထည် ရှည်ရှည်ပွပွကြီး၏ လက်ဖျားမှာ အနည်းငယ် စုတ်နေပြီး လုံချည်ကတော့ အိမ်နေရင်းဝတ် ခပ်ဟောင်းဟောင်းတစ်ထည်သာ ဖြစ်သည်။

"အိမ်ကျက်သရေကို ညှိုးမှိန်စေမယ့် အပြင်အဆင်မျိုး"

ဟု ဘွားဘွား ခဏခဏပြောသည့် ပုံစံဖြစ်သည်။ မေသော်က ရေချိုးခန်းဆီသို့ ပြေးသွားပြီး မျက်နှာကို ထပ်၍သစ်လိုက်သည်။ ပြီး ရှင်မတောင် သနပ်ခါးကို ကျောက်ပျဉ်နှင့် အပြည့်သွေးပြီး မှုန်နေအောင် လိမ်း၏။ သုံးရက်ခန့် မဖြီးမသင် ပစ်ထားခဲ့သော ဆံပင်ကို စိတ်ရှည်လက်ရှည် ရှင်းပြီး အလွန့်အလွန် မလိမ်းချင်သော အုန်းဆီကို ဘွားဘွားမြင်သာအောင် ဆံပင်၏ အပေါ်ယံလွှာမှာ ပွတ်သပ်လိုက်၏။

ကိုယ်လိမ်းပေါင်ဒါ လိမ်းရန်လည်း မေ့ထားလို့ မဖြစ်။ ပြီးတော့ အနွေးထည် ထူပွပွကြီးကို ချွတ်ပြီး လွန်ခဲ့သည့် သုံးနှစ်ခန့်က ဘွားဘွားကိုယ်တိုင် ထိုးပေးထားသော သိုးမွေးဆွယ်တာ အစိမ်းရောင်ကို ထုတ်၍ ဝတ်သည်။ ပါတိတ်လုံချည်တစ်ထည်ကို လွယ်ရာ ဆွဲထုတ်လိုက်သောအခါ အစိမ်းရောင်နှင့် မလိုက်ဖက်သော ခရမ်းရောင်ကြီး ဖြစ်နေသည်။

မေသော်ကတော့ သူငယ်ချင်းတစ်ယောက် ကြိုက်သလို ဆန့်ကျင်ဘက်အရောင်များကို ရံဖန်ရံခါ တွဲဝတ်ချင်စိတ် ပေါက်လာသော်လည်း


mgyoe.com

ဘွားဘွားကတော့ အရောင်များများ ရောနှောသည့်အခါ မလိုက်ဖက်သော အရောင်များ၏ ရောနှောမှုကို အလိုမကျတတ်ပါ။ ထို့ကြောင့်ပင် အစိမ်းရောင်နှင့် လိုက်ဖက်မည့် စိမ်းဝါနှင့်အဝါ ရောယှက်ထားသော မြန်မာစည်းလုံးချည် ကလေးတစ်ထည်ကိုပဲ ရွေးလိုက်သည်။ လုံချည်လဲပြီးမှ ဒီလုံချည်ကို လက်ဆောင်ပေးခဲ့သော အဘိုးကို ဖျတ်ခနဲ သတိရမိပြန်၏။

"ဒီနေ့ ဘယ်လိုများ ဖြစ်နေပါလိမ့်။ အို...ဒါ ဘွားဘွား ပိုပြီး ကျေနပ်နိုင်တာပဲ"

ဟု တွေးလျက် အောက်ထပ်ကို ပြေးဆင်းလာခဲ့သည်။ ဘွားဘွားကတော့ ကော်ဖီစားပွဲမှ မထသေးဘဲ ကောက်ညှင်းပေါင်းနှင့် အကြော်ကို ဇိမ်ခံစားလျက် ကော်ဖီခါးခါးတစ်ခွက်နှင့် ငြိမ်နေသည်။

"ဘွား...ဒီနေ့ ဘာစားမလဲ။ သမီးဈေးသွားမယ်လေ"

ရင်တထိတ်ထိတ်နှင့် စကားပြော၏။ အပျိုကလေးကို လူပျိုကလေးက ရည်းစားစကား ပြောရင် ဒီအတိုင်း ရင်တွေခုန်နေမှာလား မသိဘူးဟု တွေးမိရင်း ရယ်ချင်သလိုလို ဖြစ်လာသည်။ ဘွားဘွားက စကားပြန်မပြောလျှင်ဟု တွေးမိပြန်သောအခါ တွေဝေစိတ်ရှုပ်ရပြန်သည်။ ဘွားဘွားကတော့ ငြိမ်နေဆဲပင်။ မေသော်ကလည်း စိတ်ရှည်ရှည်ထား၍ ငြိမ်နေရလေသည်။

"ဒီနေ့ မိုးတို့အိမ် သွားမလို့"

ဒါ ဘွားဘွား၏ ပထမဦးဆုံးစကား ဖြစ်သည်။ မေသော့်ကို အကြာကြီး စကားမပြောသော ဘွားဘွား၏ ပထမဦးဆုံး အသံသည် မေသော့်အတွက် ဂီတသံလည်း ဖြစ်သည်။ တစ်စုံတစ်ခုအတွက် ပေါက်ကွဲသံလည်း ဖြစ်သွားနိုင်သည်။ ဘာပြန်ပြောရလျှင် ကောင်းမလဲဟု မေသော်က အပြေးအလွှား စဉ်းစားသည်။ မေသော့်စကားတစ်ခွန်းသည် အလွန်အရေးကြီးသော တုံ့ပြန်မှုဆိုတာ မေသော်က နားလည်ထား၍ စဉ်းစားရသည်။

"ဟုတ်ကဲ့ပါ ဘွား။ သမီး ဘာလုပ်ပေးလိုက်ရမလဲ။ ဟိုတစ်လော ဆီကတော့ အမိုးက ကြာဆံကြော် မစားရတာ ကြာပြီလို့ ပြောဖူးပါတယ်။ အချိန်ရရင် သမီးကြော်ပေးလိုက်မယ်လေ"

ဘွားဘွားက ခဏငြိမ်နေပြီး ကော်ဖီကို အပြီးသတ် မော့သောက်လိုက်သည်။



mgyoe.com

mgyoe.com SAMPLE BOOK

"သမီး လိုက်မလား"

ဘုရား...ဘုရား၊ ဘွားဘွားကတော့ အပိုင်ချည်နှောင်လိုက်ပြီ။ သမီးဟု ခေါ်လိုက်သည့် အသံက ချိုမြိန်လှပြီး ဟိုတစ်နေ့က မိသော် ခေါ်လိုက်သံထက် နားဝင်ချိုလှသော်လည်း လိုက်မလားဆိုတာ မေသော့်ကို ဘွားဘွား သွေးတိုးစမ်းလိုက်တာ၊ စိန်ခေါ်လိုက်တာပဲ ဖြစ်သည်။

"ဘွားဘွားသွားမှာ မသိလို့ မြသွေးတို့နဲ့ ချိန်းထားမိတယ်။ မြသွေးက ရန်ကုန်ကို သင်တန်းသွားမှာမို့ စမ်းစမ်းဝင်းနဲ့လည်း မေးခွန်းကိစ္စလေးတွေ ညှိစရာရှိတာနဲ့ ချိန်းလိုက်တာ ဘွားရဲ့။ ဒီလိုလုပ်ပါလား။ ဘွားဘွား သွားနှင့်လေ။ သမီးတို့ ညနေလောက်မှ လိုက်လာမယ်၊ မကောင်းဘူးလား"

"ညည်းတို့သုံးယောက်တွေ့ရင် အကုန်လုံး မေ့သွားမှာပါအေ။ မေးခွန်းညှိရအောင် စာမေးပွဲကြီးက လိုသေးတယ် မဟုတ်လား"

"မလိုတော့ဘူး ဘွားဘွားရဲ့။ ဒီနှစ် ဖေဖော်ဝါရီလထဲမှာ အပြီးစစ်ရမယ်။ ခုတောင် ဇန်နဝါရီလလယ် ရောက်နေပြီဆိုတော့ မေးခွန်းတွေ အသင့်အပ်ရမှာ။ ဒီတနင်္လာနေ့မှာ အပ်ရမယ်"

"ညည်း မလိုက်နိုင်ပါဘူး သမီးရဲ့။ မလိုက်နိုင်ဘူး မဟုတ်လား"

ဘွားဘွားက စူးရှသော မျက်လုံးအစုံနှင့် မေသော့်ကို စူးစိုက်ကြည့်နေသည်။ ဘွားဘွားကို ဘယ်တုန်းက လှည့်စားလို့ ရခဲ့ဖူးသလဲဆိုတဲ့ အကြည့်မျိုး။

ဒီအချိန်မှာ စကားအများမခံရဲ၍ မေသော် ငြိမ်နေရသည်။

"ကဲ... ကဲ... ကြာဆံ ကြော်ပေးလိုက်။ ပုစွန်နဲ့ ကြက်ဥနဲ့ ကြော်နော်။ မိုးက ဝက်သားနဲ့ မတည့်ဘူး။ ကြက်သားတွေလည်း စားရလွန်းလို့ အနံ့တောင် မခံနိုင်ဘူးတဲ့။ မြသွေးတို့ လာမှာဆို တစ်ခါတည်းပဲ များများကြော်လိုက်ပေါ့။ ညည်းဒေါ်လေးဖြူကို ဈေးခေါ်သွားဦးမှာလား"

"မခေါ်တော့ပါဘူး ဘွားဘွားရယ်။ သမီး ဈေးအမြန်ပြေးလိုက်မယ်။ ဒေါ်လေးဖြူက ဘွားဘွားနဲ့ လိုက်မှာဆို ရေမိုးချိုးနှင့်ပေါ့"

"အစက မိဖြူကို မခေါ်ဘဲ သမီးကို ခေါ်သွားမလို့ပါ။ သမီးက မလိုက်နိုင်တော့ မိဖြူပဲ ခေါ်သွားရမှာပေါ့။ ညည်းတို့ကျောင်းအလုပ်တွေ ဘယ်တော့ ပြီးမှာလဲအေ။ မိုးကို ညည်း နီးနီးနားနားနေပြီး ပြုစုသင့်တယ်"


mgyoe.com

"သမီး ပြုစုပါ့မယ် ဘွားဘွား။ ကျောင်းပိတ်ရက်ရှည်ကျရင် အမိုးဆီမှာ သမီးသွားနေပေးပါ့မယ်။ ခုတော့ ဘယ်လိုမှကို မလှုပ်နိုင်ဘူး ဖြစ်နေလို့ပါ။ ဘွား... တခြားဘာမှာဦးမလဲ"

"နှင်းဆီပန်း လှလှတွေ့ရင် ဝယ်ခဲ့။ မိုးတို့ ဘုရားခန်းအတွက်"

ဘွားဘွားရှေ့မှာ ဟန်ဆောင်ကျိုးနွံမှုများနှင့် စိတ်ကို အရှိန်သတ်ထားရသော်လည်း ဘွားဘွားမှာသော နှင်းဆီပန်းအတွက်တော့ စိတ်အနှောင့်အယှက် ဖြစ်သွားသည်။

အတိတ်နိမိတ် မကောင်းလိုက်တာ။ ပန်းပေးတယ်ဆိုတာ အရှုံးပေးတာပဲ။ မခံချင်စိတ်တွေ အလိပ်လိပ် တက်လာ၏။ မေသော်က အရှုံးပေးရမယ်တဲ့လား။ သွားစမ်းပါ။ လွယ်လွယ်ကူကူနဲ့ အရှုံးပေးတတ်ရင် မေသော် ညှော်သွားမှာပေါ့။

"ဒီကနေ့ နှင်းဆီပန်းသည်တွေ ဈေးထဲမှာ မရှိဘူး"ဟု ပြောရမလား။ "နှင်းဆီပန်းသည်တွေ ကျူးကျော်ဈေးသည်တွေဖမ်းတဲ့ ကားနဲ့ ပါသွားပြီ"လို့ ပြောရမလား။

အင်း...ဒီလိုလည်း မကောင်းသေးပါဘူး။ ဒါဟာ ညာတာ၊ လှည့်ဖြားတာ၊ ဥပါယ်တံမျဉ် ပြောတာ။ ဒီအပြောမျိုးတွေကို မကြိုက်မနှစ်သက်နိုင်လို့ တာပေတူးနဲ့ ခဏခဏ ပြဿနာတက်ရတာ။ ဟိုတစ်ယောက်ကိုလည်း မကျေနပ်နိုင်ခဲ့တာ။ ဒါတွေဟာ လူတစ်ယောက်ကို မယုံမကြည် ဖြစ်စရာတွေရဲ့ နိဒါန်းပေါ့။ လူတွေဟာ အကြောင်းတစ်ခုခုကို မလွန်ဆန်နိုင်တဲ့အခါမှာ လိမ်ကြညာကြသတဲ့။ အဲဒီလို လိမ်ရင်းညာရင်းကနေပြီး မဟုတ်တာတွေပြောဖို့ နှုတ်မြိန်လာတာ ဖြစ်မှာပါပဲ။

မကောင်းဘူးလေ၊ မကောင်းဘူး။ ဒါတွေကို မေသော် မကြိုက်ဘူး။ မကြိုက်တဲ့အတွက် မေသော့်မှာ ဘာများလုပ်နိုင်ခဲ့သလဲ။ မေသော်ကတော့ မယုံကြည်စရာ ကောင်းတဲ့လူတွေကို ခွင့်မလွှတ်တတ်ခဲ့ပါ။ သည်းခံဆက်ဆံရမှာလည်း ဝန်လေးလှသည်။ မေသော်ကိုယ်တိုင် မယုံကြည်ရသူတစ်ယောက်ဖြစ်နေမှာကိုလည်း စိုးရွံ့လှသည်။ ခိုင်မာစွာ ယုံကြည်နိုင်သူတစ်ယောက်ဖြစ်နိုင်ဖို့ မေသော့်မှာ အခွင့်အရေးတွေ တဖြည်းဖြည်း နည်းပါးလာခဲ့၏။ အလွန်ပါးလျချည့်နဲ့သော ကြိုးစလေးတစ်မျှင်ဖြင့် သံယောဇဉ်ကမ်းပါးတစ်ခုမှာ


mgyoe.com

mgyoe.com SAMPLE BOOK

မေသော်၏ ဘ၀လှေငယ်လေးတစ်စင်းကို ဆိုက်ကပ်ချည်နှောင်ထားရသလို ပင်။ ဒီ့ထက် ဘာမှမပိုသော ရွေးချယ်မှုတစ်ခုက မေသော့်ကို ကလူကျီစယ် နေသည်။ ထိုအရာသည် မေသော်၏ ဆုံးဖြတ်နိုင်စွမ်းအတွက် အညာအတာ မဲ့စွာ စစ်ဆေးမည့် စာမေးပွဲတစ်ခုလည်း ဖြစ်နိုင်သည်။

ဈေးသွားရာလမ်းတစ်လျှောက်မှာ ကျဉ်းကျပ်သော အတွေး များကြောင့် ခြေလှမ်းများက လေးလံနေသည်။ ဒီလို လေးလံတဲ့ခြေလှမ်းမျိုးနဲ့ တွေဝေတဲ့ မရေမရာ ဆုံးဖြတ်ချက်များကို မေသော် မနှစ်သက်နိုင်တာ။ ဒါဟာ တိုးတက်တဲ့ အပြုအမူ လုံးဝမဟုတ်။ ဖြေရှင်းနိုင်ရမှာပေါ့။ အဆိုးတော့ အဆိုးပါပဲ။ အဲဒီအဆိုးထဲမှာပင် အကောင်းနည်းနည်းပါးပါး ရှိနေဦးမှာ။ အဆိုးထဲမှ အကောင်းကိုရွေးရန် စိတ်အားထက်သန်လာသည်။ စိတ်သည် အလိုလို တက်ကြွလာ၏။ စိတ်ကျေနပ်ဖွယ်ရာ ခြေတွေးလေးများကို စမ်းသပ် ဖန်တီးကြည့်မိလေသည်။

ပထမဆုံး ကိုယ်တိုင်မလိုက်ရတော့သည့်အတွက် ကျေနပ်ရ၏။ ဘွားဘွား၏စိတ်များ ကြည်လင်သွားသည့်အတွက် ချမ်းမြေ့ရ၏။ သွေးတိုး ရောဂါ၊ နှလုံးရောဂါနှင့် နေမကောင်းဖြစ်နေသော အမိုးအတွက် ကြိုက်တတ်သော အစားအစာကို ပို့ပေးခွင့်ရ၍ ဝမ်းသာရ၏။

'နှင်းဆီပန်း'

နှင်းဆီပန်းကလည်း အမိုး၏ ဘုရားခန်းအတွက် ပို့ရတာပါပဲ။ ကိုနိုင့်ကို ပန်းပေးတာ မဟုတ်။ အရှုံးပေးတာ မဟုတ်။ အမိုးကတော့ မေသော် အရှုံးအနိုင်တွက်ရမည့်သူ မဟုတ်ပေဘဲ။

ဒီကနေ့မှ နှင်းဆီတွေကလည်း အလှထူးနေကြဟန်တူရဲ့၊ နန်းရှေ့ ဈေးမှာ တွေ့ရခဲသော ပန်းနုရောင် နှင်းဆီပွင့်ကြီးကြီးများကို တွေ့ရသည်။ ကြက်သွေးရင့်ရောင်၊ ပန်းရဲရောင်တွေ စုံလို့။ အိမ်အတွက်ဆိုလျှင်တော့ ပန်းနု နှင်းဆီများကို ရွေးချယ်မိမည် ဖြစ်သော်လည်း လိုလိုမည်မည် စဉ်းစားရ သေး၏။ ပန်းနုရောင်သည် အချစ်ဖြစ်သည်ဆိုတဲ့ အဆိုအမိန့်ကို လွှန်ဆန် ချင်လျက် ကြက်သွေးရင့်ရင့်တစ်စည်းကိုသာ ရွေးချယ်လိုက်လေသည်။

"ဒီကြက်သွေးရင့်ရောင် နှင်းဆီဟာ မေသော့်ကို ကိုယ်စားပြုတာပဲ ကိုနိုင်ရေ။ သိတယ် မဟုတ်လား။ မေသော်ဆိုတာ ဆူးပါပြီး ရဲရဲနီနေတဲ့


mgyoe.com

mgyoe.com

နှင်းဆီတစ်ပွင့်ဆိုတာ မေ့မနေနဲ့"လို့ နှုတ်သီးကောင်းလှပါး ရန်ထောင်ချင်နေသည်။

မေသော် အိမ်ပြန်ရောက်သောအခါ မြသွေးနှင့် စမ်းစမ်းဝင်းတို့ ရောက်နေနှင့်ကြပြီ။ ဘွားဘွားနှင့် စကားဖောင်ဖွဲ့နေကြ၏။

"ခလုတ်တိုက်လှပါတယ်လို့ ထင်နေတာ။ သူတို့ရောက်ပြီး အတင်းပြောနေကြတာကိုး"

"မလုံမလဲ မရှိပါနဲ့နော်။ ဘွားဘွားနဲ့ တရားကြောင်း ဘုရားကြောင်း ဆွေးနွေးနေကြတာပါ"

"တော်လိုက်တာကွယ် တော်လိုက်တာ။ ကြာဆံကြော် ဆုချရမယ်"

"တို့တွေလည်း ကူလုပ်မှာပေါ့"

မြသွေးတို့က ဘွားဘွားရှေ့မှာ အနေကျုံ့ပြီး ထွက်ပေါက်ရှာနေကြသူများဆိုတော့ မီးဖိုချောင်သို့ ပြေးလာကြသည်။

မြသွေးသည် မေသော် ငါးတန်းလောက်ကတည်းက အတူတွဲခဲ့သောသူငယ်ချင်းဖြစ်ပြီး အသားညိုညက်ညက်၊ သွယ်လျလျခန္ဓာနှင့် လိုက်ဖက်စွာ သွက်လက်ဖျတ်လတ်သူ ဖြစ်သည်။ မေသော်တို့ဖေဖေ တာဝန်နှင့် မြင်းခြံမြို့ကို ပြောင်းခဲ့ရစဉ်က ခင်ခဲ့သော သူငယ်ချင်းဖြစ်ပြီး မေသော်သည် မြသွေးနှင့်အတူ မြင်းခြံမှာ လေးနှစ်ခန့် နေခဲ့ရသည်။ ဆယ်တန်းတွေ အောင်မြင်ပြီးကြတော့ မြသွေးက သူနာပြုသင်တန်း တက်သည်။ ခုချိန်မှာတော့ မြသွေးသည် အထူးသူနာပြုဆရာမကြီး ဖြစ်နေပြီ။ မမျှော်လင့်ဘဲ မန္တလေးမှာ ပြန်တွေ့ကြတော့ မေသော်က မှတ်ဉာဏ်နည်းသူပီပီ မြသွေးကို ကောင်းကောင်းမသိ။ မြသွေးက မျက်ရည်လည်လျက် -

"ဟဲ့...မေသော်၊ ငါ မြသွေးလေ"

ဆိုမှ -

'မြသွေး' ဆိုပြီး ပြေးဖက်ကာ ဝမ်းသာလို့မဆုံး။ မြသွေးသည် အလုပ်သမားဆေးရုံကြီးမှာ အဆောင်ရသည်။ မေသော်ကလည်း နန်းတော်ရှေ့မှာ နေတော့ သူငယ်ချင်းနှစ်ယောက် ငယ်ငယ်ကလိုပင် တွဲဖြစ်ကြပြန်သည်။

စမ်းစမ်းဝင်းကတော့ မေသော်အလုပ်ဝင်မှ ခင်မင်ရသော သူငယ်ချင်း ဖြစ်သည်။ မွန်သွေးပါ၍ အသားဖြူသည်။ အသားဖြူဖြူ ထောင်


mgyoe.com

mgyoe.com

ထောင်မောင်းမောင်းနှင့် စကားသံဝဲဝဲပြောတတ်သော စမ်းစမ်းဝင်းကတော့ အလွန်အေးငြိမ်းပြီး အလွန်ရိုးသားသည်။ စမ်းစမ်းဝင်းကလည်း မိဘအလုပ်နှင့် မန္တလေးသို့ ရောက်လာခဲ့ပြီး အဖေ ပင်စင်ယူတော့ မန္တလေးမှာပင် အခြေချကြ၍ မေသော်နှင့် ဆုံစည်းရခြင်း ဖြစ်သည်။

မေသော် အလုပ်ဝင်တော့ စမ်းစမ်းဝင်းနှင့် အတူတူ ဖြစ်သည်။ စာသင်ရတော့လည်း အတန်းတစ်တန်းတည်းမှာ တန်းခွဲသာ ကွဲသဖြင့် စာသင်လျှင် ညှိ၍သင်ရသည်။ အလွန်စိတ်ရှည်သည်းခံပြီး အေးငြိမ်းလှသော စမ်းစမ်းဝင်းကို မေသော်ချစ်သလိုပင် မြသွေးကလည်း မေသော်နှင့် ပတ်သက်ပြီး ချစ်ခင်သည်။ ထို့ကြောင့် သုံးယောက်သား တွဲမိနေကြသည်။

မေသော်က စမ်းစမ်းဝင်းကို ရေခဲတုံးဟု စနောက်ခေါ်ရင်း နာမည်မခေါ်တော့ဘဲ စမ်းစမ်းဝင်းသည် ရေခဲတုံးသို့ အပြီးအပိုင် ပြောင်းလွဲသွားသည်။ တာပေတူးနှင့် ပတ်သက်သမျှ လှုပ်ရှားမှုတိုင်းမှာ ရေခဲတုံးကလည်း မလွတ်တမ်း ပါနေရသလို မြသွေးလည်း စိတ်ဝင်စားစွာပင် အကြံပေးနေရမြဲဖြစ်သည်။

"ဒေါ်လေးဖြူက ပြောနေတယ်။ နင် တာပေတူးကို စိတ်တွေ ဆိုးနေတာဆို"

"အေးပေါ့ဟဲ့၊ ဒီကောင်လေးကို ငါ စိတ်ညစ်လာပြီ။ ဒါပေမဲ့ လက်မလျှော့ချင်ဘူးဟာ။ ရေခဲတုံးကို အကူအညီတစ်ခု တောင်းရဦးမယ်"

"ဘုရား...ဘုရား၊ မျက်ခုံးတွေ လှုပ်ပါတယ် မှတ်တာ။ ဒီနေ့ ရေခဲတုံးအရည်ပျော်မယ့်နေ့ ထင်ပါရဲ့"

"ဒီတစ်ခါတော့ တကယ်တောင်းပန်ပါတယ်ဟယ်။ ဒီတစ်ခါတည်းပါ။ ကဲပါလေ၊ ပြီးမှ အေးအေးဆေးဆေး ပြောကြတာပေါ့"

သုံးယောက်သား တစ်ယောက်တစ်လက်ဖြင့် ကြော်လှော်ချက်ပြုတ်ခြင်းကိစ္စသည် တစ်နာရီအတွင်းမှာပင် ပြီးဆုံးသွားသည်။ ဒေါ်လေးဖြူ အပျိုကြီးကတော့ ရှိုးအပြည့်နှင့် ပြင်ဆင်ပြီး ကြာဆံကြော် တစ်ပန်းကန်လောက် မြည်းစမ်းရန် ပြင်ဆင်နေရသည်။

"ဒေါ်လေးဖြူ ဒီနည်းနဲ့ ဝိတ်လျှော့နေတယ်ပေါ့"

မြသွေးက မေးတော့ -


mgyoe.com

mgyoe.com SAMPLE BOOK

"ဟုတ်ပ့ါ ဟုတ်ပ့ါ။ ငါ့ဝမ်းပူဆာ မနေသာဘူးကွယ်။ ဝတာ၊ ပိန်တာ တွေဟာ ဆာနေတဲ့အချိန်မှာ အတွေးထဲ ဝင်မလာဘူး မြသွေးရေ။ မိမေသော် ကတော့ ဝမှာ စိုးလို့တဲ့လေ။ ညညအစားလျှော့ရတာနဲ့။ သူ့မှာ လေ့ကျင့်ခန်း ယူရတာနဲ့။ အေးပေ့ါလေ၊ သူ့မှာ ကြည့်မယ့်လူကလည်း ရှိပေတာကိုး"

"ဒေါ်လေးဖြူနော်"

"ရေခဲတုံးရေ ညည်းသူငယ်ချင်းကိုလည်း ကြည့်ပြောဦးနော်။ တလွဲ အပူတွေ များနေတယ် သိလား"

"ဘယ်လို တလွဲအပူလဲ ဒေါ်လေးဖြူရဲ့"

"ကိုယ့်လူသာ ကိုယ်မေးကြည့်တော့ကွယ်။ ခေါင်းမာတဲ့လူ၊ အိပ်ချင် ယောင်ဆောင်တဲ့ လူအကြောင်း မပြောတာ ကောင်းပါတယ်"

"ဒေါ်လေးဖြူကလည်း"

မေသော်က ရှက်ချင်ယောင်ဆောင်၍ ဒေါ်လေးဖြူကို မူနွဲ့ရ၏။ တကယ်တမ်း မေသော်ပြောမည့် စကားက ဒီလိုမဟုတ်။

"ဒေါ်လေးဖြူနော်၊ အဓိပ္ပာယ် မရှိတာတွေ ပြောမနေနဲ့။ မေသော့် စိတ်နဲ့ မေသော် ဆုံးဖြတ်ခွင့် မရှိရတော့ဘူးလား။ ဒါ ဒေါ်လေးဖြူတို့ မတရား တာ"

ထိုစကားသည် မေသော်၏ အယဉ်ကျေးဆုံးစကားသာ ဖြစ်လိမ့် မည်။ ဒီ့ထက်ပိုပြောရမည် ဆိုလျှင်တော့ မေသော်သည် မပြောချင်လောက် အောင်ပင် စိတ်ညစ်သွားသည်။ မေသော်က အကျိုးကျေးဇူး မဖြစ်ထွန်းနိုင် သော စကားကို ပြော၍ လေကုန်မှာကို နမြောလှ၏။ ဘွားဘွားကတော့ သူကိုယ်တိုင်က ပြောချင်သူဖြစ်ပြီး သူများပြောတာကို ဂရုမစိုက်တတ်သူ ဖြစ်သည်။

ကြာခဲ့သမျှ သက်တမ်းတစ်လျှောက်မှာ ဘိုးဘိုး၊ ဖေဖေနှင့် ဒေါ်လေး ဖြူသည် ဘွားဘွား၏ အသံကိုသာ နားစွင့်ခဲ့ကြပြီး သူတို့အသံတွေက တိုးတိမ် ခဲ့ကြလို့သာပေ့ါ။ မေသော့်မေမေက ဘွားဘွားကို ဘယ်လိုဆက်ဆံလိုက်သလဲ ဆိုတာ မေသော် မသိခဲ့ရသော ကွက်လပ်တစ်ခု ဖြစ်နေသည်။ မေသော့် အလှည့်ကျခါမှ ဘွားဘွား၏အသံကို နားမစွင့်လိုဘဲ မေသော်က ပြန်၍ အသံပြုချင်ခဲ့တာ အံ့သြစရာဖြစ်ဖွယ် ဟုတ်မယ် မထင်ပါဘူး။


mgyoe.com

mgyoe.com SAMPLE BOOK

ဖေဖေနှင့် ဒေါ်လေးဖြူ၏ မျိုးဆက်မှာ ခေတ္တခဏ မြုပ်နေသော ဘွားဘွား၏ မျိုးရိုးဗီဇသည် ပြန်လည်၍ ဦးမော့လာတာဟူ၍သာ မေသော်က ပြောချင်နေတော့သည်။ ဒီလောက်အထိတော့ ဘယ်ပြောရဲပါ့မလဲ။ မေသော့်မှာ ဟိုဟိုသည်သည် ငဲ့စရာတွေက ရှိသေးတာ မဟုတ်လား။

အဓိကအကျဆုံးကတော့ ဘွားဘွားနှင့် စိတ်ဆိုးပွဲတစ်ပွဲကို မကျင်းပလိုတော့ခြင်းပင် ဖြစ်သည်။ ဘွားဘွား၏ စိတ်ဆိုးပွဲရှည်ကြီးကို မေသော် မခံစားနိုင်ခြင်း ဖြစ်သည်။ ဘွားဘွားနှင့် မေသော်က စကားတွေကို စိတ်ဆိုးမာန်ဆိုးနှင့် ပြောမိလေတိုင်း အကြာကြီး စိတ်မကောင်းဖြစ်၍ ကျန်ရစ်နေတတ်မြဲပင်။ ပြီးတော့လည်း ဘွားဘွားကို ပြန်၍ စကားပြောခွင့် ရရန် နည်းအမျိုးမျိုးနှင့် ကြိုးစားပြန်သည်။ စိတ်ဆိုးတုန်းက စိတ်လိုက်မာန်ပါ ပြောမိပေမယ့် စိတ်ပြေသောအခါ ပြန်တွေးကြည့်လျှင် ဘွားဘွားမှန်မှန်၊ မေသော်ပဲမှန်မှန် ဘယ်သူပဲမှားမှား မေသော့်မှာ စိတ်ရှုပ်ထွေး တွေဝေကျန်ရစ်ရမြဲပင်။

ဘာအလုပ်ကိုလုပ်လုပ် စိတ်မပါ လက်မပါ ဖြစ်နေတတ်သည်။ ထို့ကြောင့် ဘွားဘွားနှင့် ရန်မီးမပွားလို၍ မေသော် ဟန်ဆောင်ပန်ဆောင်တွေ လုပ်ရသည်။ မရိုးမသား ပြုမိတိုင်း ငါမရိုးသားဘူးဟု သတိပြုမိမြဲ ဖြစ်သည်။ ကိုယ့်ကိုယ်ကိုယ်လည်း မုန်းတီးရမြဲပင်။

ဒါပေမဲ့ မတတ်နိုင်သော အခါမျိုးတွင် ဆင်ဝှေ့ရန်ရှောင်သဘောမျိုးနှင့် ဖွတ်ပင် ဟန်ဆောင်ရ၏။ ထိုသို့ ပြုမိတိုင်းလည်း တာပေတူးအတွက် အတွေးစတို့က နှောင်ဖွဲ့ရပြန်၏။

"သမီးတို့ စာဖတ်ခန်းထဲမှာ နေကြမှာဆိုရင် အိမ်ရှေ့ဝင်းတံခါးကို သော့ခတ်ထားကြနော်။ တော်ကြာ အလှူခံလိုလို သူတောင်းစားလိုလိုနဲ့ အဝတ်တွေ ဝင်ရုပ်သွားဦးမယ်။ အိမ်ရှေ့လည်း ညှော်သည်လေးဘာလေး နားစွင့်ကြဦး။ ဘွားတို့က ညနေမှ ပြန်လာမှာ။ သမီး ညနေစာ ချက်မနေနဲ့တော့။ အပြန်မှ နိုင်နိုင့်ကို လိုက်ပို့ခိုင်းရင်း သမီးကြိုက်တတ်တာတစ်ခုခု ဝယ်လာမယ်"

"ဘွား သမီးတို့ဖို့ရောလား"

"ဘွားတို့ ပြန်လာတဲ့ထိ နေမှာလား။ ကျွေးမှာပေါ့၊ ပြန်လာတဲ့အထိ စောင့်ကြလေ"


mgyoe.com

mgyoe.com

"အလကားပြောတာပါ ဘွားဘွားရယ်။ မြသွေးက ညအိပ်တာဝန်ကျတာပါ။ ရေခဲတုံးကလည်း ပြန်မှာတဲ့"

"အေးပါ၊ အေးပါ။ ညည်းတို့သဘောပါ။ ကဲ...အေးအေးဆေးဆေး စကားပြောကြ၊ စားရစ်ကြ။ ဘွားတို့တော့ သွားပြီ"

ဘွားဘွားသည် တကယ်တမ်း မေသော့်ကို ထားခဲ့မည်ဆိုတော့ စိတ်မချနိုင်ဘဲ မှာတမ်းရှည်ကြီးကို ခြွေနေသည်။ ဘွားဘွားသွားလျှင် လိုက်ပို့နေကျ ရပ်ကွက်ထဲမှ ဆိုက်ကားသမားလေးက ဘွားဘွားအကြောင်းကိုသိ၍ စိတ်ရှည်လက်ရှည် စောင့်ရှာသည်။

ဆိုက်ကားစီးရမှာတော့ ဘွားဘွားသည် ဒေါ်လေးဖြူကို အမြဲတမ်း ဦးစားပေးရလေ့ရှိ၏။ ဒေါ်လေးဖြူက ဘွားဘွားထက် နှစ်ကိုယ်စာလောက် ဝတော့ ဆိုက်ကားသမားနှင့်ယှဉ်သော ရှေ့ခုံမှာသာ ထိုင်နိုင်သည်။ မဟုတ်လျှင် ဒေါ်လေးဖြူ နောက်ခုံက ထိုင်လိုက်ပါက ဆိုက်ကားသည် ဦးမြောက်ပြီး နင်းမရနိုင်တော့ပေ။

ဆိုက်ကားပေါ်ကိုရောက်တော့ ထီးကို အကျအနဖွင့်၍ ဆောင်းလိုက်သေး။ ပြီးတော့ ဆိုက်ကားပေါ်မှနေ၍ မေသော်တို့သုံးယောက်ကို လှည့်ကြည့်ပြီး ဖြူဖွေးနေသည့် သွားများပေါ်အောင် ရယ်ပြနေပြန်သည်။

မြသွေးက -

"ရာသီဥတုကတော့ အတော်ကို သာယာနေပြီပဲ"

ဟု မှတ်ချက်ချသည်။ မေသော်က ကလေးစိတ် ပြန်ဝင်သွားပြီး-

"ဘွားဘွားရေ တာ့တာ"

ဟု လှမ်းအော်တော့ ဘွားဘွားကလည်း လက်တစ်ဖက်ကိုမြှောက်၍ တာ့တာပြသွားသည်။ ဘွားဘွားမြှောက်လိုက်သောလက်မှာ ဝင်းအိနေသော ရွှေသားအတိ လက်ကောက်တုတ်တုတ်ကြီးကို ပြူးပြူးပြဲပြဲနှင့် မြင်နေရသည်။ ဘွားဘွား၏ ရင်ဘတ်မှ ရွှေဆွဲကြိုးကုံးကတော့ ဘွားဘွား စိတ်တိုင်းမကျလှသည့် သံကြိုးကုံးခပ်သေးသေးပင် ဖြစ်သည်။ ဘွားဘွား၏နားမှာ နေရောင်ဖြင့် အရည်အသွေး ကောင်းလှသော စိန်တစ်လုံးတည်း နားကပ်ကလေးက တဖျပ်ဖျပ် တောက်ပနေလိမ့်မည်။ ဘွားဘွားက အသက်ခုနစ်ဆယ့်ရှစ်နှစ် ရှိပြီဖြစ်သော်လည်း ဆံပင်ကတော့ ဟုတ်တိပတ်တိ မဖြူသေးပါ။ ဘွားဘွား အသက်


mgyoe.com

mgyoe.com SAMPLE BOOK

ငါးဆယ်ကျော်လောက်မှစ၍ နဖူးပြောင်သိမ်းပြီး ပတ်ခဲ့သော ရွှေဘီးနှင့် ဘီးဆံပတ်ကလေးတော့ အထူးပင် နှစ်သက်ဖွယ်ကောင်းလှသည်။

ဘွားဘွားသည် နံ့သာဖြူ၊ ကရမက်၊ ရှင်မတောင်သနပ်ခါးနံ့များ ထုံသင်းစွာဖြင့် အမိုးတို့အိမ်မှာ စကားတွေ တစ်ဖောင်ကြီးဖွဲ့ပေတော့မည်။ ဒေါ်လေးဖြူကလည်း မိစူးနှင့် တီးတိုးတီးတိုး လုပ်ကြဦးမည်။ မေသော့် အကြောင်းကလွဲပြီး ဘယ်သူ့အကြောင်းမှ မဟုတ်နိုင်ဘူး ဆိုတာတော့ မေသော်က တွက်ချက်ပြီးသား ဖြစ်၏။

"ဘယ်တုန်းက ပြန်ခေါ်သွားကြတာလဲ"

"ခုမနက်ပဲ။ ငါ့မှာ ကြံလိုက်ဖန်လိုက်ရတာ မောလို့။ ကံတရားကတော့ မေသော့်ဘက်ကို မျက်နှာပြုလာပြီ ထင်ပါရဲ့။ ဘွားဘွားက ငါ့ကို လိုက်ဖို့ ခေါ်နေသေးတာ။ ငါက နင်တို့နဲ့ ချိန်းထားတယ် ပြောလို့"

"အဟဲ... ဒီနေ့အဖို့ ကယ်တင်ရှင်ကြီးတွေပေါ့နော်"

"အေး... ဟုတ်တယ်။ ဘွားဘွားက နင်တို့ကိုလည်း ချစ်တယ် ဟုတ်လား။ ငါ့မှာ တခြားအကြောင်းပြချက်နဲ့ဆို ခွင့်ပြုချင်သာပြုမှာ။ အခုလို အသာတကြည်နဲ့တော့ ဖြစ်မှာ မဟုတ်ဘူးပေါ့ဟယ်"

"ဘွားဘွားက နင့်ကို ချစ်တော့ ချစ်ရှာပါတယ်ဟယ်။ သူက စိတ်အရမ်းထက်လို့ပါ"

"ကောက်တာ၊ ကောက်တာ။ တို့အဘိုး ရှိတုန်းကတော့ ကျန်တဲ့လူတွေ သက်သာတယ်။ အရေးအကြောင်းဟော့ဆို အဘွားက အဘိုးကို ကောက်ချိတ်နေပြီ။ အဘိုးကတော့လေ သိပ်ပြီး စိတ်ရှည်တာ။ စိတ်ရှည်လက်ရှည်ကို ချော့တာ။ ဒါကြောင့် ဖေဖေက ပြောတာပေါ့။ ဘိုးဘိုးရှိလို့သာ ဘွားဘွား ယောကျ်ားရခဲ့တာတဲ့။ မဟုတ်ရင် အပျိုကြီးပဲ ဖြစ်မယ်တဲ့"

"ဒီလိုပဲ မေသော်ရဲ့။ လူတစ်ယောက်နဲ့ တစ်ယောက် ဖူးစာဆုံတယ်ဆိုတာ ဟိုးရှေးရှေးဘဝက ရေစက်ပဲ။ တစ်ယောက်မှာ မရှိတဲ့ အရည်အချင်း တစ်ယောက်မှာ ရှိကြတယ်။ ဥပမာဟယ်၊ တို့ရေခဲတုံးဆို အရမ်းအေးတယ် မဟုတ်လား။ သူဆိုရင် ဘယ်လိုလူမျိုးနဲ့ ရမလဲဆို ခပ်ဟော့ဟော့ အရက်တွေ ဘာတွေ သောက်လို့ပေါ့လေ။ ခပ်သွက်သွက် အဲဒါမျိုးနဲ့ ဖူးစာဆုံနိုင်တယ်"


mgyoe.com

mgyoe.com SAMPLE BOOK

"အမယ်... မြသွေး နင်ကတော့ ဖျတ်လတ်သွက်လက်တဲ့ လက်တွေ့သမားဆိုတော့ အရည်အချင်းကလည်းရှိ၊ ထက်ကလည်းထက်၊ အင်း... နင်တော့ အသုံးမကျတဲ့ ဘိန်းစားနဲ့ရမှာလား၊ ကဲ..."

လို့ မေသော်က ဝင်စွာတော့ -

"ဟဲ့... ဒါမျိုးမယူချင်လို့ အပျိုကြီးလုပ်နေတာပေါ့။ နင်သာ မမာမပျော့ အူကြောင်ကြောင် မပြတ်မသား ရှေ့မတိုးနောက်မဆုတ် အထက်မကျအောက်မကျ တည့်တည့်မသွား ဘေးတိုက်သွားတဲ့ ကဏန်းကောင်လိုလို၊ လွယ်အိတ်လိုလို"

"အလင်္ကာတွေ များလှချည်လား။ ဘယ်အတန်းအတွက် မေးခွန်းလဲ"

ရေခဲတုံးက မြသွေးကို မေးခွန်းနှင့်ဖြတ်၍ ရပ်ခိုင်းရလောက်အောင်ပင် မေသော်က မျက်နှာတွေ ပျက်နေသည်။ မြသွေးကို ရေခဲတုံးက လက်ကုတ်သတိပေးတော့မှ မြသွေးက အိပ်ရာမှ လန့်နိုးသလို မေသော့်ကို အရေးတကြီးမော့ကြည့်၏။ မေသော့်မျက်ဝန်းမှာ မျက်ရည်တွေ ဝိုင်းနေသည်။

"မေသော်...မေသော်...ငါပြောတာတွေအားလုံး ရုပ်သိမ်းတယ်။ ငါ့ကို စိတ်ဆိုးလားဟင်၊ မေသော်... မေသော်"

မေသော့်ကို မြသွေးက ဖက်ပြီးချော့တော့ မေသော်က မြသွေး၏ ပခုံးပေါ်မှာမှောက်၍ မျက်ရည်တွေကို သွန်ချလိုက်သည်။ ရေခဲတုံးကလည်း ခြေမကိုင်မိ လက်မကိုင်မိနှင့် ဘာလုပ်ရမှန်း မသိ။

"မြသွေးကို စိတ်ဆိုးလို့ မဟုတ်ပါဘူး။ ငါ နင်တို့နဲ့တွေ့တော့ ဘာပြောရမှန်းမသိ ဖြစ်သွားတယ်။ ခုတလော ငါ ဝမ်းနည်းတတ်နေတယ်။ ဒါပေမဲ့ ဘွားဘွားတို့၊ ဒေါ်လေးဖြူတို့ရှေ့မှာ ဘယ်လိုမှ မျက်ရည်ကျလို့ မရဘူး။ ငါ အရမ်းကျဉ်းကျပ်တယ်"

"ကိုနိုင့်ကိစ္စပဲလား"

"အေး..."

အားလုံး ငြိမ်သက်သွားသည်။ မေသော်၏ ကျဉ်းကျပ်မှုများသည် မြသွေးနှင့် ရေခဲတုံးထံသို့ ကူးစက်ပြီး သုံးယောက်သား မွန်းကျပ်ဆို့နင့်စွာဖြင့် ငြိမ်သက်နေကြသည်။ တစ်ယောက်မှ စကားမဆိုဖြစ်ကြသော်လည်း ကိုယ်စီကိုယ်င ပြောစရာတွေကတော့ ရင်နှင့်အပြည့် ရှိနေကြသည်။


mgyoe.com

mgyoe.com SAMPLE BOOK

လူကြီးတွေ၏ စိတ်သဘောကို မျက်စိမှိတ်လိုက်လျှောပြီး ကိုနိုင့်ကို လက်ခံဖို့ကိစ္စထက် အရေးကြီးတဲ့အကြောင်းတွေ ပြောချင်နေကြသည်။ ပြောချင်လွန်း၍၊ ပြောစရာများလွန်း၍ တစ်ယောက်ရင်ထဲကို တစ်ယောက် အလည်သွားပြီး စိတ်ချင်း ပြောနေကြသလိုပင်။

မေသော်တို့ သုံးယောက်သည် တစ်ယောက်အပူကို တစ်ယောက်မျှယူနေကျ။ တစ်ယောက်ယောက်၏ အောင်မြင်မှု၊ ပျော်စရာကောင်းသောဝမ်းသာမှုတွေကိုလည်း မျှယူနေကျ ဖြစ်သည်။ ပြီးတော့ အကြံဉာဏ်တွေကိုလည်း ဖလှယ်ကြသည်။ သုံးဦးခေါင်းပေါင်း၍ အဖြေရှာလျှင် ဘယ်ကိစ္စမဆို အဆင်ပြေစွာ ပြီးမြောက်ခဲ့၏။ ခုကိစ္စအတွက်တော့ နူးညံ့သိမ်မွေ့စွာ ရှာရမည့် အဖြေအတွက် ခက်နေကြသည်။

"အချိန်လိုသေးတယ် မဟုတ်လား မေသော်ရဲ့"

"အင်း...လိုတော့ လိုပါသေးတယ်။ ငါ ကျောင်းအလုပ်တွေ မအားလို့ ဘာမှမလုပ်နိုင်ဘူး ပြောထားတာ။ နွေကျောင်းပိတ်ရက်များ အတင်းအကျပ်စိစဉ်မလား မသိဘူး။ ကိုနိုင် ကျောင်းပြီးဖို့ သုံးနှစ် လိုသေးတယ်။ သူကလည်း လွတ်လွတ်လပ်လပ်တော့ ကျောင်းတက်ချင်ဦးမှာပေါ့။ ငါလည်း ဘွားဘွားကိုတော့ နွေကျောင်းပိတ်ရက် အမိုးကို သွားပြီး ပြုစုပါ့မယ်လို့ ချော့ထားတာပဲ"

"အမိုး ကျန်းမာနေရင်တော့ နင်တို့ကိစ္စ လောလောဆယ် ဖြစ်မှာ မဟုတ်ဘူး ထင်ပါတယ်။ ဟိုရက်ပိုင်းက အမိုးက တော်တော်လေး ဖောက်သွားသေးတာ မဟုတ်လား။ အမိုးကလည်း နင့်အကြောင်း သိနေတာပဲ။ သူ မရှိတော့ဘူးဆိုရင် နင်နဲ့ ကိုနိုင့်ကိစ္စ ဘာမှ ဖြစ်မလာတော့ဘူးလို့ တွက်မှာပေါ့။ မဟုတ်ဘူးလား။ အဲဒီတော့ အမိုး ကျန်းမာပါစေလို့သာ ဆုတောင်းတော့"

"အေးပါဟယ်။ တစ်ခါတစ်ခါတော့လည်း ဘာမှ မစဉ်းစားနိုင်ဘူး။ ကိုယ်ဖြစ်ချင်သလို မဖြစ်ဘဲ သူဖြစ်ချင်တာ ဖြစ်မှာပဲလို့ အောက်မေ့မိတယ်။ သေချာတွေးပြန်တော့ အဲဒီလိုလည်း အဖြစ်မခံနိုင်ပြန်ဘူးဟာ"

"သိပ်တော့ စိတ်သောကမရောက်ပါနဲ့ မေသော်ရယ်။ ဘာမှမဖြစ်နိုင်သေးတဲ့ အချိန်မှာ အေးအေးဆေးဆေး စောင့်ကြည့်လိုက်ပါဦး။ တစ်ခုတော့ ရှိတာပေါ့။ ဒီအချိန်မှာ မေသော့်ဘက်က အဆုတ်အတက် အတိုးအလျှော့


mgyoe.com

တွေကို စနစ်တကျ လုပ်တတ်ဖို့ ကြိုးစားရမယ်။ နင့် နဂိုစိတ်အတိုင်း တုတ်ထိုး အိုးပေါက် မလုပ်ပစ်နဲ့"

"အေး...ဟုတ်တယ် မြသွေး၊ နင်ပြောတာ မှန်တယ်။ ငါလေ ဘာလေးလုပ်လုပ် တာပေတူးနဲ့ပဲ သွားသွားပြီး ငြိနေတယ်ဟာ။ ဒီကလေးရဲ့ စိတ်ဓာတ်ကို ငါ့မှာ ကြိုးစားပမ်းစား ပြင်ခဲ့ရတာ။ ဒီနှစ်ပါဆိုရင် ငါးနှစ် ရှိပြီပေါ့။ သူနဲ့ ပတ်သက်ပြီး သိခဲ့ရတာတွေ၊ တွေးခဲ့ရတာတွေက များတယ်။ ငါ သူ့ကို ပြုပြင်တယ်။ ရတာလည်း ရှိတယ်၊ မရသေးတာလည်း ရှိတယ်။ ငါ့ရင်ထဲမှာ အစွဲကြီး စွဲနေတာ ရှိတယ်။ မဖြောင့်မမတ် ပြောသမျှ အပြောခံရတဲ့လူဟာ စော်ကားခံရတာပဲ။ ငါဒီလိုပဲ ယူဆတယ်။ ဒီတော့ ငါ တတ်နိုင်သမျှ ဖြူးဖြူး ဖြောင့်ဖြောင့် ဆက်ဆံတယ်။ ဘယ်သူ့ကို မဆိုပေါ့။ ဒါတွေဟာ ငါ့အပြစ်တဲ့ဟာ၊ ကဲ... နင်တို့ စဉ်းစားကြည့်"

"ခက်တယ် မေသော်ရဲ့။ အဲဒါ မမှန်ကန်ပေမဲ့ သမားရိုးကျဖြစ်နေတဲ့ လည်ပတ်မှုတစ်ခုပဲ။ သူ့ပတ်ဝန်းကျင် ကိုယ့်ပတ်ဝန်းကျင်မှာ ဒါမျိုးတွေကို အနည်းနဲ့အများ ကြုံတွေ့နေကြရတာပဲ။ အဲဒီဝဲထဲက ရုန်းထွက်ဖို့ကတော့ သာမန်အခြေအနေနဲ့ မဖြစ်နိုင်ဘူး"

"သိတယ်။ ငါနားလည်တယ်။ ဒါပေမဲ့ ငါ ဘယ်လိုမှ မစွမ်းဆောင် နိုင်သေးဘူး။ ဒေါ်လေးဖြူနဲ့ မိစူးက ငါ့ဘက်မှာ အတော်များများ နားလည် ပေးနိုင်တယ်။ အန်ကယ်ဖော်လည်း မဆိုးပါဘူး။ သူကတော့လေ နင်သိတဲ့ အတိုင်းပဲ လူတစ်ယောက်ရဲ့ လွတ်လပ်ခွင့်ကို အမြဲ အာရုံပြုနေတဲ့လူ။ အများနဲ့ လိုက်လျောညီထွေရှိအောင် နေတတ်တဲ့လူဆိုတော့ စကားပြောလို့ နားလည် လွယ်တယ်။ ငါ အရေးတကြီး ရင်ဆိုင်ရမှာက ဘွားဘွားနဲ့ အမိုးပါပဲ"

"ကိုနိုင်ရော"

"ငါ သူ့အတွက် မစဉ်းစားဘူး။ သူ့တစ်ယောက်အတွက် ပိုပိုသာသာ စဉ်းစားနိုင်တဲ့ အခြေအနေမျိုး ငါ့မှာရှိနေခဲ့ရင် ကျန်တာအားလုံး ပန်းတိုင် ရောက်သွားပြီပေါ့ မဟုတ်ဘူးလား"

"နင် သူ့ကို သံယောဇဉ်ရှိတယ်ဆို"

မေသော်က ငြိမ်နေသည်။ ညှိုးငယ်နွမ်းလျနေသော မေသော်၏ ဖြူရော်ရော်မျက်နှာကလေးကို မြသွေးက ကြည့်ပြီး သနားနေသည်။ မေသော့်



mgyoe.com

mgyoe.com SAMPLE BOOK

ကို တစ်ခါတစ်ခါ မြသွေးနှင့် ရေခဲတုံးက နားမလည်နိုင်ကြပါ။ တကယ်တော့ ကိုနိုင်ဆိုသည့်သူသည် မေသော်၏ စိတ်လှုပ်ရှားစ အရွယ်မှာပင် စိတ်ကူးယဉ်ခဲ့သော အတွေးများစွာ၌ နေရာယူခဲ့သူ ဖြစ်ကြောင်း သိထားနှင့်ကြသည်။

အပေါင်းအသင်း နည်းပါးလှပြီး အေးအေးဆေးဆေး နေတတ်ခဲ့သော မေသော့်အတွက် ကိုနိုင်သည် မိန်းကလေးလိုရော ယောကျ်ားလေးလိုရော ခင်မင်ဆုံး သူငယ်ချင်းဖြစ်ခဲ့တာလည်း မြသွေးတို့ သိထားကြ၏။

"အရေးအကြောင်း သိပ်ပြီးကျပ်တည်းလာရင် အဲဒီသံယောဇဉ်ဆိုတာ ဘာမှသုံးမရတော့ဘူး။ ငါပြောရင် ကြီးကျယ်ချင် ကြီးကျယ်သွားမယ်။ ဘဝ ရှင်သန်မှုတစ်ခုနဲ့ ယှဉ်ရင် အဲဒီသံယောဇဉ်ဆိုတာဟာ သိပ်ကို မှိန်သွားမှာပဲ"

မေသော်က လေးလေးနက်နက် ပြော၏။ မေးကြောများ ထောင်နေသလို ထင်ရပြီး နဖူးမှာ ဖြူဖွေးနေသော အသားအရေအောက်က သွေးကြောစိမ်းစိမ်းများ ခုံးထနေသည်။ မျက်ဝန်းကတော့ တောက်ပနေဆဲပင်။

"မေသော် စိတ်လျှော့လိုက်ဟာ။ ခုချိန်ပြောတာပါ။ နင် အရမ်းပင်ပန်းနေပြီ။ လာ စာကြည့်ခန်းထဲ သွားကြစို့။ နင် ရေခဲတုံးကို အကူအညီတောင်းမလို့ဆို။ တောင်းလေ။ ခုချိန်တောင်းမှ ပြေလည်မှာ။ တွေ့လား ရေခဲတုံး၊ နင့်ကို အရမ်းကြွေနေတယ်"

မြသွေးက အလိုက်သိစွာ စကားဖြတ်ပြီး လမ်းကြောင်းပြောင်းပေးလိုက်သည်။ ရေခဲတုံးတစ်ယောက်ကတော့ မေသော်ပြောသမျှတွေကို နားထောင်ပြီး သူကိုယ်တိုင် ပါဝင်ပတ်သက်နေသည့် ပုံစံဖြင့် အသားဖြူသော မျက်နှာမှာ သွေးဆုတ်သလို ဖျော့နေ၏။ အလွန်အေးချမ်းရိုးသားသူဆိုတော့ မြသွေးပြောသည့်အတိုင်းပင် မေသော်ကို သနားပြီး ကူညီဖေးမချင်နေသည်။

"ဟုတ်တယ် ဟုတ်တယ်။ မေသော် နင့်ကို စိတ်ချမ်းသာမယ်ဆိုရင် ငါ အကုန်လုပ်ပေးမယ်။ ပြောပြော ငါရောက်ခါစက ပြောတဲ့ အကူအညီတောင်းမလို့ဆိုတာ ဘာလဲဟင် ပြောလေ"

ပျာပျာသလဲ မေးတော့ မေသော်က စိတ်လက်ပေါ့ပါးစွာ ရယ်လေသည်။ စာဖတ်ခန်းထဲသို့ တန်းမဝင်ဖြစ်ကြဘဲ မီးဖိုခန်းသို့ ဝင်ကာ ရေနွေးခပ်ရင်း ပေါ့ပေါ့ပါးပါး စားစရာကို ဖန်တီးကြသည်။


mgyoe.com

mgyoe.com

ဘွားဘွား၏ လက်ဖက်နှပ်ကို လူတိုင်းကြိုက်နှစ်သက်သဖြင့် ဘွားဘွားက ဂုဏ်ယူဝင့်ကြွားစွာ လက်ဖက်ကို ပုလင်းကြီးကြီးဖြင့် နှပ်၍ ဆီစိမ်ထားလေ့ရှိသည်။ ပဲကြော်အစုံကိုလည်း သူ့ပုလင်းနှင့်သူ အပြည့်ထည့်ထားတတ်သည်။ လက်ဖက်အုပ်၊ နေကြာစေ့တစ်ပန်းကန်၊ ချိုချဉ်တစ်ဆုပ်နှင့် ရေနွေးကြမ်းအိုးကို သယ်ပြီး စာဖတ်ခန်းသို့ ဝင်လာကြသည်။

စာကြည့်စားပွဲမှာ ထိုင်မိသောအခါ ကြောင်ခြစ်ရာမျိုးနှင့် ပွစာကြမ်းနေသော တာပေတူး၏ စာအုပ်က ဆီးကြိုနေသည်။

"ရေခဲတုံးကို အကူအညီတောင်းမှာ ဒီကိစ္စပဲ"

မေသော်က တာပေတူး၏ စာအုပ်ကို ရေခဲတုံးသို့ ပြလိုက်သည်။

"ဟောတော့... ဘာတွေလျှောက်ရေးထားတာလဲ"

"အေးလေ... အဲဒါတွေပေါ့။ တို့ မနေ့က မြို့နယ်ရုံးကို သွားတုန်း သူတို့ကို ကျက်ပြီးတဲ့မှတ်စုတွေ ရေးဖြေခိုင်းခဲ့တာ။ သူက အဲဒီအတိုင်း ရေးထားတယ်ဟယ်"

"ကျန်တဲ့ ကလေးတွေကရော"

"ကျန်တာတွေ အားလုံး ဖြေနိုင်ကြတယ်။ လက်ရေးတွေလည်း လှလို့။ သင်ခန်းစာတွေလည်း မှန်လို့။ သူတစ်ယောက်တည်းပဲ။ တွေ့လား ဒီမှာ တခြားကလေးတွေရဲ့ မှတ်စုတွေ၊ လေ့ကျင့်ခန်းတွေ"

မေသော်က တခြားကလေးများ၏ စာအုပ်တွေကိုလည်း ပြသည်။ ကျန်ကလေးနှစ်ဆယ့်လေးယောက်၏ စာအုပ်များသည် မေသော့် လက်ကျလက်နအတိုင်းပင် လက်ရေး၊ သတ်ပုံ၊ စာပိုဒ်ကအစ တိတိကျကျ လှလှပပ ရေးထားကြသည်။ ကျောင်းက ဆရာမများက မေသော့်အတန်းထဲမှ ကလေးများကို ဂျူနီယာမေသော်ကလေးတွေဟု ခေါ်ကြသည်။ မေသော်သည် ကလေးနှစ်ဆယ့်ငါးယောက်မှာ တာပေတူးမှလွဲလျှင် စိတ်တိုင်းကျ ပုံသွင်းနိုင်ခဲ့၏။

မေသော်တို့ ကျောင်းကလေး၏ ထုံးစံက ကိုယ့်ကလေးနှင့် ကိုယ် အတန်းစဉ်လိုက် တက်လိုက်သွားရသော နည်းစနစ်ဖြစ်သည်။ သူငယ်တန်းဆရာမသည် ကလေးများတက်သော အတန်းစဉ်အတိုင်း တက်လိုက်သွားရပြီး ကလေးများ စတုတ္ထတန်းအောင်သောအခါ သူငယ်တန်းသို့ တစ်ဖန် ပြန်ဆင်း၍ ခေါ်ရသည်။


mgyoe.com

mgyoe.com SAMPLE BOOK

ကလေးတစ်ယောက်သည် တစ်နှစ်သင်ပြီးလျှင် ကိုယ့်လက်ကလွှတ်သည်နှင့် ပြီးစတမ်း သဘောထားလို့ မရ။ အတန်းတစ်တန်း၏ အောင်ချက်ရာနှုန်း၊ ကလေးများ၏ စိတ်ပိုင်းဆိုင်ရာ တိုးတက်မှု၊ ညံ့ဖျင်းမှု အားလုံးသည် ဆရာမနှင့်သာ သက်ဆိုင်နေသည်။

မေသော်တို့ ဆရာတပည့်တွေ လေးတန်းသို့ ရောက်ကြသောနှစ်မှာ စတုတ္ထတန်းမှာ အစိုးရစစ် မဟုတ်တော့ပေ။ အစိုးရစစ်စာမေးပွဲ လေးတန်း ဖြေကြစဉ်က အရေးတကြီးနှင့် တန်းလုံးကျွတ်အောင်ရန် ဆရာတပည့်တွေ ကြိုးစားခဲ့ကြသလိုပင် အစိုးရစစ်စာမေးပွဲ မဟုတ်တော့သည့် အချိန်အခါမှာလည်း တန်းလုံးကျွတ် အောင်ရန်သာ ကြိုးစားကြဆဲ ဖြစ်သည်။ အတန်းတိုင်း အတန်းတိုင်းမှာ တန်းလုံးကျွတ် အောင်ဖို့ ဂရုစိုက်ကြသော အလုပ်သည် မေသော်တို့ ကျောင်းက အတန်းတိုင်း၏ လှုပ်ရှားမှုပင် ဖြစ်သည်။

"ဒီကလေး ဒီအတိုင်းဆိုရင် ကျတော့မယ်"

"သေချာတာပေါ့ ရေခဲတုံးရယ်။ သူ့လုပ်ပုံက မလွန်လွန်းဘူးလား။ ဒါ စာတစ်လုံးမှ မရတဲ့သဘော။ သူလေ ငါ့ကို ပြောတော့တစ်မျိုး သိလား။ ဟိုတစ်နေ့ကမှ သူ့ဟာသူ ပြောတာ။ ဆရာမ ကျက်ခိုင်းထားတဲ့စာတွေ သူ အကုန်ပြတ်ပြီတဲ့။ ငါက မယုံလို့ အထပ်ထပ်မေးတယ်။ တကယ့်ကို အပိုင်ပြောတာ။ ကြည့်စမ်းပါဦးဟယ်။ ကလေးဖြစ်ပြီး ဒါမျိုးတွေ ဘာလို့ပြောရတာလဲ"

"နင့်ချာတိတ်က လူကြီးတစ်ယောက်လောက် နားလည်နေပြီ မေသော်ရဲ့"

"အေးလေ...၊ ဒို့အပြင် ကိစ္စတွေက အရေးမကြီးဘူး။ ဒီကိစ္စက သူကျမှာ"

"ခုထိ ဘာစာမှ ရပုံမပေါ်ဘူး"

"ငါ ဘယ်လောက်ဂရုစိုက်တယ်ဆိုတာ ရေခဲတုံး သိပါတယ်။ တစ်ယောက်မှ မကျအောင် ဘယ်လောက်အထိ လုပ်ထားရသလဲ။ တချို့ကတော့ ပြောချင်မှာပေါ့။ ငါ့ကို တန်းလုံးကျွတ် အောင်ဖို့အတွက် အတ္တကြီးလွန်းတယ် ထင်ကြမှာပဲ။ ကျောင်းမှာက တန်းလုံးကျွတ် အောင်တယ်ဆိုတာ ဂုဏ်တစ်ခုကိုး။ တကယ်တမ်းကျတော့ အဲဒီဂုဏ်ဆိုတာ ဘာမှ လုပ်လို့


mgyoe.com

မရပါဘူး။ အရေးကြီးတာက ကလေးပဲ။ အသက်ကြီးလာတာ၊ စာမေးပွဲကျရင် ကျသလို ဒုက္ခရောက်တာ၊ မိဘတွေဘက်က နစ်နာတာ၊ အဲဒါတွေ မျက်နှာကို ငါ ကြည့်တာပါ"

"အေးနော်...တာပေတူးအတွက်ဆို ပိုတောင် ဆိုးသေးတယ်"

ရေနွေးခွက်ဘူးထဲမှ ပန်းကန်များသို့ငှဲ့ပြီး မေသော်က မရယ်ချင်ဘဲ ရယ်လျက် -

"ကဲ...ပူပူကလေး မှုတ်သောက်ကြ။ နင်တို့ကို အချမ်းပြေအောင် ငါ တစ်မနက်လုံး အပူတိုက်နေတာ။ ကြာတော့ အားတောင်နာလာပြီ"

"ရပါတယ်ဟာ။ ဒီအပူတွေဟာ ဝမ်းနဲ့လွယ်တဲ့ အပူထက်ကတော့ အေးချင်အေးနေမှာပါ"

ရေခဲတုံးက ပြေဆေးကျွေးတော့ -

"ဒီမှာ ငါပြောမယ်။ လူ့လောကကြီးမှာ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်းဆိုတာ ဘယ်သူမှ ကင်းကွာတာ မဟုတ်ဘူး။ တကယ်တော့ ငါတို့ကြုံရတဲ့ အပူဆိုတာ တချို့လူတွေရဲ့ ရယ်တာပေါ့လောက်ပဲ၊ နင်တို့ မယုံမရှိနဲ့။ သိတယ် မဟုတ်လား။ ငါကတော့ နင်တို့ထက် ဘဝဆိုတာကို တရင်းတနှီး တွေ့ခဲ့ဖူးတာ"

မေသော်နှင့် ရေခဲတုံးသည် မြသွေး၏စကားကို တုံ့လွန်ငြင်းဆိုမှု မပြုကြဘဲ ငြိမ်ငြိမ်နေခြင်းဖြင့် ထောက်ခံကြသည်။ မေသော်နှင့် မြသွေးသည် တစ်ယောက်က အမေမဲ့ခဲ့၏။ တစ်ယောက်က အဖေမဲ့ခဲ့၏။ ဒါပေမဲ့ ကျင်လည်ခဲ့ရသော ဝန်းကျင်ကတော့ တခြားစီဖြစ်သည်။

မြသွေးက အမေနှင့် အဒေါ်အပျိုကြီး၏ အုပ်ထိန်းမှုအောက်မှာ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ပြီး ရုန်းကန်လှုပ်ရှားလျက် ကိုယ့်ဘဝကို ထွန်းတောက်အောင် အရောင်တင်နိုင်သူ ဖြစ်သည်။ မြသွေးသည် ဘယ်သူ့အရိပ်မှ မခိုခဲ့ဘဲ ကိုယ့်အရိပ်ကို ကိုယ်ပျိုးလျက် ထိုအရိပ်ဖြင့် ပတ်ဝန်းကျင်ကို အေးမြစေခဲ့သူ ဖြစ်သည်။

သူလျှောက်သော လမ်းမှာတွေ့သော အခက်အခဲ မှန်သမျှကို သူကိုယ်တိုင် ဖယ်ရှားခဲ့၏။ စူးနေသော ဆူးကို သူကိုယ်တိုင် ထွင်ရဲခဲ့၏။ သူ့ကို မေသော်တို့က အစဉ် အားကျခဲ့၊ အားကိုးခဲ့ရသည်။



mgyoe.com

mgyoe.com SAMPLE BOOK

"အပူတွေ များနေတယ်ဆိုလို့ပါ။ ငါသိတဲ့ အပူကဖြင့် နှစ်ခု တည်းရယ်။ ဘယ်မှာ များလို့လဲ။ တစ်ခုက ကိုနိုင်၊ တစ်ခုက တာပေတူး။ ဒါနှစ်ခုပဲ ဟုတ်လား။ နောက် ဘာရှိသေးလဲ ပြော"

မြသွေးက ရယ်မောလျက် မေသော်ကို မေး၏။ မေသော်က အတည် တကျ တကယ်ပင်စဉ်းစားလျက် -

"အေးဟဲ့...သေချာစိစစ်လိုက်တော့ ဒီနှစ်ခုလောက်ပါပဲ"

"ဟင်း...ဒါလေးများ"

"ဒါလေးကလည်း သူ့အတိုင်းအတာနဲ့ သူပဲ မြသွေးရဲ့။ နင့်အတွက် ဆင်အထွာနဲ့ ငါ့အတွက် ကြွက်အထွာ အတူတူပဲ"

"အေးပါ ဟုတ်ပါပြီ။ ငါက မတူဘူးလို့လည်း မပြောဘူး။ မပူဘူး လို့လည်း မပြောဘူး။ အေးရာအေးကြောင်း ရှာဖို့ ပြောမလို့ပါ"

"အားကိုးပါတယ် ကျေးဇူးရှင်မကြီးရယ်။ ကျွန်တော်မျိုးမကို ကယ် တော်မူပါ။ တစ်သက်လုံး လုပ်ကျွေးရင်း ကျေးဇူးဆပ်ပါ့မယ်"

"ရပါတယ်ကွာ၊ ရပါတယ် သူငယ်မရယ်။ ခုလောလောဆယ်သာ ကြာဆံကြော် များများကျွေးပါ"

"ခု စားတော့မှာလား"

"ဟာ...နေပါဦးဟ။ ခုမှ ဆယ်နာရီပဲ ရှိသေးတယ်။ ငါ စတာပါ။ မဆာသေးပါဘူး။ ခုလည်း လျှောက်စားနေကြတာပဲ။ ဒီမှာ ငါပြောမယ်။ ကြာဆံကြော်ကို ဆယ့်နှစ်နာရီတိတိမှာ စားမယ်။ ခုချိန်ကစပြီး ကိုယ့်အလုပ် ကိုယ် လုပ်ရမယ်။ ငါက သင်တန်းအတွက် ကြိုပြီးကျက်ဖို့ စာအုပ်တွေ ယူခဲ့တယ်။ နင်တို့နှစ်ယောက်က မေးခွန်းညှိမှာဆို လုပ်ကြ။ တာပေတူးနဲ့ ကိုနိုင့်ကို နောက်ဆုတ်ခိုင်း။ ဒီအချိန်ဟာ သူတို့အတွက် မဟုတ်ဘူး"

မြသွေး ပြတ်သားစွာ ပြော၏။ သူကိုယ်တိုင်လည်း ကြွပ်ကြွပ်အိတ် ထဲမှာ ထည့်ယူလာသော စာအုပ်တွေကို ထုတ်သည်။

"မေသော် အားလုံးကို ခဏမေ့ထားလိုက်နော်။ ငါပြောတာ နားလည်တယ် ဟုတ်လား။ မဟုတ်ရင် တကယ်လုပ်ရမယ့် အလုပ်တွေ မပြီးဘဲ နေလိမ့်မယ်။ အလုပ်အားလုံး ပြီးပြီဆိုတော့ နင်ပူနေတဲ့ အပူနှစ်ခုမှာ ပိုပြီးအရေးကြီးတဲ့ တာပေတူးကိစ္စကို စဉ်းစားကြမယ် ဟုတ်ပြီလား"


mgyoe.com

mgyoe.com SAMPLE BOOK

မေသော်က ကြည်လင်စွာပြုံးလျက် ခေါင်းညိတ်သည်။ မေးခွန်းပေါင်းများ၊ သင်ရိုးညွှန်းတမ်း စာအုပ်များ၊ မှတ်စုများ၊ လေ့ကျင့်ခန်းများတွင် စိတ်ကိုနှစ်၍ အလုပ်လုပ်ကြသည်။ မေးခွန်းတွေကို ဘာသာရပ်အလိုက် တစ်ယောက်တစ်စုံစီ ထုတ်ကြရ၏။ တစ်ယောက်နှင့် တစ်ယောက် မတူရန်၊ လှပ၍ အဆင့်မီသော မေးခွန်းမျိုးဖြစ်ရန် ညှိကြလေသည်။

မေသော်ကတော့ ကလေးတွေအတွက် အခက်အခဲ မရှိနိုင်သော မေးခွန်းမျိုးကိုသာ ရွေးချယ်သည်။ ရေခဲတုံးကတော့ တော်သော၊ ညံ့သော၊ အလယ်အလတ်ရှိသော တပည့်များ၏ အရည်အချင်းနှင့်ကိုက်၍ ရွေးချယ်သည်။ ရေခဲတုံးသည် မေသော့်ကိုထိန်း၍ သတိပေးနေရသည်။

"ငါ အားလုံးကို အောင်စေချင်တယ်"

ဆရာမနှင့်အတူ ငါးနှစ်ငါးမိုး နေခဲ့ကြသော တပည့်များသည် မိသားစုကြီးတစ်စုသဖွယ် ဖြစ်နေသည်။ တစ်လှေထဲစီးပြီး ခရီးတစ်ခုတည်းကို သွားခဲ့ကြသလိုပင်။ မေသော့်ရင်ထဲမှာ ခံစားရသမျှအတွေးကို ပုံပြင်ဖွဲ့၍ ကလေးများအား ပြောပြခဲ့ဖူးသည်။ ထိုပုံပြင်၏ ခေါင်းစဉ်ကတော့ လှေတစ်စင်းနှင့် ခရီးသည်များပေါ့လေ။

'လှေတစ်စင်းထဲမှာ ခရီးသည် နှစ်ဆယ့်ငါးယောက်ပါတယ်။ လှေသူကြီးကတော့ တစ်ယောက်တည်းပေါ့။ သူတို့တွေဟာ ရေပြင်ကျယ်ကြီးကိုဖြတ်ပြီး လှပသာယာတဲ့ မြို့တစ်မြို့ဆီကို သွားကြမလို့ ခရီးထွက်လာခဲ့ကြတာ။ လမ်းမှာ ဆိပ်ကမ်းသုံးခုကို ဖြတ်ကျော်ရမယ်။ ပထမကမ်း၊ ဒုတိယကမ်း၊ တတိယကမ်း။ အဲဒီကမ်းခြေ သုံးခုပြီးရင် စတုတ္ထကမ်းခြေက သူတို့သွားမယ့် မြို့ပဲ။ လမ်းခရီးမှာ အဆင်းအတက် နည်းနည်းပါးပါးတော့ ရှိတာပေါ့။ ဒါပေမဲ့ လှေသူကြီးက သူ့လှေပေါ်မှာပါလာတဲ့ ခရီးသည်တွေကို ပြောထားတယ်။

"ငါတို့ လှေကြီးပေါ်ကလူတွေ ဆိပ်ကမ်းပေါ်မှာ ကိစ္စရှိလို့ အဆင်းအတက် လုပ်ချင်ရင်တော့ လုပ်နိုင်တယ်။ ဒါပေမဲ့ ရေထဲကို ပြုတ်ကျမကျန်ရစ်စေနဲ့။ ငါကလည်း လှေကြီးကို ကောင်းကောင်းလှော်မယ်။ မင်းတို့ ကိုယ်တိုင်ကလည်း ရေပေါ်မှာ လှေမလူးအောင် ကောင်းကောင်းလိုက်ခဲ့ကြရမယ်။ လှေပေါ်မှာ ရန်မဖြစ်ရဘူး။ ချစ်ချစ်ခင်ခင် နေရမယ်။ ရေထဲကို တစ်ယောက်


mgyoe.com

mgyoe.com SAMPLE BOOK

ယောက် ကျကျန်ခဲ့ရင် ငါတို့ရောက်တဲ့ ကမ်းကို ဆိုက်တဲ့အခါ နဂိုကပါလာတဲ့ လူနှစ်ဆယ့်ငါးယောက် မပြည့်တဲ့အတွက် ပျော်စရာကောင်းမှာ မဟုတ်ဘူး"

"ကျန်ခဲ့တဲ့ လူတွေအတွက် စိတ်ပူပန်သောကရောက်ပြီး ငိုကြရလိမ့်မယ်။ ဒီတော့ ကိုယ်တိုင်လည်း ရေထဲ လိမ့်မကျအောင် နေရမယ်။ ရေထဲကို ကျမယ့်လူကို တွေ့ရင်လည်း လိမ့်မကျအောင် ဝိုင်းပြီး ဂရုစိုက်ကြရမယ်။ ဆွဲတင်ကြရမယ်"

ဆရာမ၏ လုပ်ကြံဖန်တီးထားသော ပုံပြင်ကို သူတို့ ပထမတန်းသို့ ရောက်သည်အထိ တကယ့်ကို လှေစီးသွားတဲ့အကြောင်း မှတ်ပြီး ရေနှင့် အနေဝေးခဲ့ကြရာသူ ကလေးများက စိတ်ဝင်စားစွာဖြင့် ခဏခဏ ပြောခိုင်းကြသည်။

ပုံပြင်ကြိုက်သော ကလေးများသည် လှေကြီးနှင့် ခရီးသွားသော ပုံပြင်ကို စွဲနေကြသည်။ ပထမတန်းနှစ်က ပြောခဲ့သော ပုံပြင်ကို ဒုတိယတန်း ရောက်သည်အထိ မေ့မသွားဘဲ လှေကြီးနှင့် ခရီးသွားတဲ့ပုံပြင်ကိုပင် တမ်းတနေကြ၏။

မှတ်မှတ်ရရပင် ထိုအချိန်က ကလေးတွေကို ရေထဲမှာ သွားနေသည့် လှေ၊ သင်္ဘောများကို အလွယ်တကူ လက်တွေ့ပြရန် အခွင့်သာခဲ့၏။ ကျုံးထဲမှာ ပြည်ကြီးမွန်ဖောင်ကြီးနှင့်အတူ နန်းရှေ့ကျုံးတွင် အပျော်စီးသင်္ဘောလေး တစ်စင်းသည် မြောက်ဘက်ကျုံးအထိ ပြေးဆွဲနေသည်။

အိမ်နှင့် ကျောင်းပတ်ဝန်းကျင်လောက်သာ ကျင်လည်ခွင့်ရရှာသော ကလေးများကို မေသော်က ရေခဲတုံးနှင့် အဖော်စပ်၍ ကျောင်းပိတ်ရက် တစ်ရက်မှာ ကျုံးထဲတွင် သင်္ဘောစီးရန် စီစဉ်ပေးခဲ့သည်။ ထိုခရီးမှာ ကိုနိုင်ကလည်း ကလေးကူထိန်းရန် အဖော်လိုက်ခဲ့သေးတာပေါ့လေ။ ကလေးတွေလည်း ပျော်လို့။ လူကြီးတွေလည်း ပျော်လို့။

ကျန်တဲ့ကလေးများက ထိုင်ဆိုထိုင်၊ ထဆိုထ စည်းကမ်းသေဝပ်ကြသော်လည်း စတန့်မင်းသား သားတော်မောင် တာပေတူးကိုတော့ စိတ်မချနိုင်၍ အနားမှာသာ ခေါ်ထားရ၏။

"ဆရာမရဲ့ပုံပြင်ထဲကလှေကြီး၊ ခုတော့ သင်္ဘောပေါ့နော်။ ဆရာမက သားတို့ကို ပြောပြတာ ဟိုးရှေးရှေးတုန်းက ပုံပြင်မဟုတ်ဘူးလား။ သားတို့နဲ့


mgyoe.com

mgyoe.com

ဆရာမနဲ့ကို ပြောတာ။ ခရီးသည်နှစ်ဆယ့်ငါးယောက်က သားတို့လေ။ လှေသူကြီးက ဆရာမ။ ပထမကမ်းက တစ်တန်း၊ ဒုတိယကမ်းက နှစ်တန်း၊ တတိယကမ်းက သုံးတန်း၊ သားတို့သွားမယ့် မြို့က စတုတ္ထတန်းအောင်တာ ဟုတ်တယ်နော် ဆရာမ"

ထိုအတွေးမျိုးကို ပထမဆုံး တွေးမိသူသည် တာပေတူးပင် ဖြစ်သည်။ နှစ်တန်းကလေးတစ်ယောက်၏ အသိဉာဏ်ဖွံ့ဖြိုးမှုနှင့် ဆက်စပ် တွေးခေါ်တတ်မှုကို မေသော်က အသိအမှတ်မပြုဘဲ မနေနိုင်။ တစ်ယောက် တည်း ကျိတ်၍ ချီးကျူးလို့လည်း မတင်းတိမ်နိုင်ပြန်၍ သူငယ်ချင်း ဆရာမ တွေကို သားတော်မောင်အကြောင်း အကြွားပိုရ၏။

ကျောင်းက ဆရာမ တချို့ကတော့ "တော်လို့ ထက်လို့ ခက်နေတာ ပေါ့" ဟု အားမနာတမ်း တုံ့ပြန်ခဲ့ကြသည်။ ကျောင်းကိုရောက်ပြီး တစ်နှစ်ခန့် အကြာမှာပင် တာပေတူးသည် ရပ်သိရွာသိ အများသိသော ချဉ်ဖတ်ကလေး ဖြစ်နေခဲ့လေသည်။ အဲဒီနေ့ကို မေသော် မမေ့နိုင်ပါ။

မိုးတွေညို့ပြီး ကောင်းကင်တစ်ခုလုံး မည်းမှောင်နေသည့် တနင်္လာ နေ့၏ နံနက်တစ်ခုမှာ ဖြစ်သည်။ ကလေးများအားလုံး အလံတိုင်အောက်မှာ စုဝေးရောက်ရှိနေကြသည်။ ဆရာမတစ်ယောက်က အလံတော်ကို အလေး ပြုရန် အမိန့်ပေး၏။

နိုင်ငံတော်သီချင်း ဆိုပြီးနောက် ကျောင်း၏ထုံးစံအတိုင်း ကလေး များကို မှာစရာရှိတာ မှာကြားဆုံးမရ၏။ ဆုပေးစရာရှိလျှင် ပေး၍ ဒဏ်ပေး စရာ ရှိလျှင်လည်း အလံတိုင်အောက်မှာပင် ပြုလုပ်လေ့ရှိသည်။

ထိုနေ့ကတော့ လူအများရှေ့မှာ တာပေတူး အရိုက်ခံရလေသည်။ အတန်းထဲမှာတော့ မေသော်က ကလေးများကို ဟုတ်တိပတ်တိ ရိုက်လေ့မရှိ ခဲ့ပါ။ ပါးစပ်ဖြင့် လေများများကုန်အောင် ပြောပြီးတော့သာ ကလေးများကို စည်းရုံးခဲ့သည်။ အသားနာ မခံရအောင် နေသောအကျင့်ကို ပျိုးထောင်ပေးခဲ့ တော့ တာပေတူးသည် ဝါးခြမ်းပြားကြီးကြီး၏ ဒဏ်ချက်များကို ခုန်ကာ မြောက်ကာနှင့် ခံစားနေရှာသည်။

ထိုမြင်ကွင်းသည် မေသော်၏ အတွေးအာရုံထဲမှာ ဘယ်လိုမှ ထုတ်ပစ်လို့ မရအောင် စွဲထင်နေသည်။ အတန်းပိုင်ဆရာမတစ်ယောက်


mgyoe.com

mgyoe.com

အနေနှင့် အများရှေ့မှာ မရိုက်ရန် အတန်တန်ပြောသော်လည်း တချို့ဆရာမများက လက်မခံနိုင်ခဲ့ပေ။ မေသော့်ကို ပျော့ညံ့သော ဆရာမတစ်ယောက် အဖြစ်တောင်မှ ကဲ့ရဲ့တင်းဆိုခဲ့ကြသေး၏။ တကယ်တမ်း တွေးကြည့်လျှင်တော့ တာပေတူး၏ အလွန်အကျူးများကိုလည်း အမှန်အတိုင်း လက်မခံလို့ မဖြစ်နိုင်ခဲ့ပါ။

လွန်ခဲ့သော သောကြာနေ့က ထမင်းစားကျောင်းဆင်းချိန်တွင် မေသော်က အိမ်ပြန်၍ ထမင်းစားနေစဉ် သုံးတန်းမှ ယောကျ်ားလေးတစ်ယောက်နှင့် တာပေတူးတို့ ကစားရင်း ရန်ဖြစ်ကြသည်။

တာပေတူးက ရေခဲချောင်းမှ ပါလာသော တုတ်နှင့် သုံးတန်းကလေး၏ လက်မောင်းကို ဆောင့်ထိုးလိုက်ရာ ကလေး၏ လက်မောင်းမှာ ပေါက်သွားသည်။ ဒဏ်ရာက အတော်ကလေး နက်၍ ကလေးကို ဆေးရုံပို့ရတော့ နှစ်ဖက်မိဘ ပါလာခဲ့သည်။ ဒဏ်ရာရသော ကလေးမိဘက –

"ကျွန်မသားလေးက သိပ်နုတာ။ အိမ်မှာဆို သူ့ကို ပိုးမွှေးသလို မွေးထားရတာ။ ခုတော့ ကြည့်ပါဦး။ ဒဏ်ရာကြီးက နည်းသလား။ လုပ်တဲ့ ကောင်လေးက ခုမှ တစ်တန်းရှိသေးတာတဲ့။ တစ်တန်းကတည်းက ဒီလောက် ဆိုးနေရင် လေးတန်းလောက်များဆို ဘယ်လိုလုပ်ကြမှာလဲ။ ကျွန်မ သားလေးကို နိုင်ကောင်းကောင်းနဲ့ ဆက်ဆံနေရင် ဒုက္ခ။ ဆရာမကြီးတို့ရယ်၊ ကြည့်လုပ်ကြပါဦး"

ပြောလည်းပြော ငိုလည်းငိုနှင့် တာပေတူးကို ကျောင်းပြောင်းကြရန်၊ ကျောင်းထုတ်ပစ်ရန် အတင်းပူဆာနေသည်။

တာပေတူး၏ အမေကတော့ မျက်နှာထားချို၍ ခါးကို တင်းနေအောင် ထောက်ထားသည်။

"အသုံးမကျတဲ့ကောင်၊ အိမ်ကမိဘက ဒါလောက်ဆုံးမထားတာ အမှတ်မရှိဘူး။ ဒင်းက အပိုးမကျိုးဘူး။ ခွေးဖြစ်မယ့်ကောင်။ ဆရာမကြီးရေ ကျောင်းသာထုတ်ပစ်လိုက်။ မထူးပါဘူး ကျောင်းဆက်ထားနေလည်း အရှက်ကွဲနေဦးမှာပဲ။ ထုတ်သာပစ်လိုက်။ ကျွန်မက ကိုယ့်သားဆိုပေမယ့် မျက်နှာမလိုက်ပါဘူး။ ခံရတဲ့ကလေးလည်း သနားတယ်။ မိဘလည်း အားနာတယ်။ ကျွန်မ တတ်နိုင်တဲ့ ဆေးဖိုး၊ မုန့်ဖိုးဆိုတာကလည်း ဘာမှရှိတာ မဟုတ်ဘူး။


mgyoe.com

mgyoe.com
SAMPLE BOOK

ဒီတော့ ဒဏ်ရာရတဲ့ကလေးရဲ့မိဘ ကျေနပ်အောင်သာ လုပ်ပါ။ ကျွန်မ သဘောတူတယ်"တဲ့။

မေသော်က ထိုအမေ၏မျက်နှာကို အလန့်တကြားနှင့် အံ့သြခြင်းကြီးစွာ ကြည့်မိတော့ ထိုမိန်းမကြီးသည် ကျန်လူအားလုံးကို ဂရုမစိုက်သလိုပင် အေးအေးဆေးဆေး ဆေးလိပ်ထိုင်ဖွာနေသည်။ အသက်လေးဆယ်ကျော်လောက်ဟု ခန့်မှန်းရပြီး တာပေတူးအသက်နှင့် စာလျှင်တော့ ထိုမိန်းမကြီး၏ အသက်က အတော်ပင် အိုမင်းနေပြီဟု ယူဆရသည်။

"သူ့သားအရင်းမှ ဟုတ်ပါရဲ့လား"

ဟု သံသယဝင်မိ၏။ ကျောင်းအုပ်ဆရာမကြီးက အတန်ကြာအောင် တွေဝေစဉ်းစားနေပြီးနောက် -

"ဒီအရွယ်လေးနဲ့ ကျောင်းကထုတ်ပစ်ဖို့ ကျောင်းပြောင်းပေးဖို့ဆိုတာ ပြောသလောက် မလွယ်ဘူးရှင့်။ ခုဖြစ်တဲ့ကိစ္စကလည်း သာမန် ဆော့ရင်း ကစားရင်း အခန့်မသင့်လို့ ဖြစ်ကြတာပါ။ ကျွန်မ သားသမီးချင်း ကိုယ်ချင်းမစာလို့ ပြောတာ မဟုတ်ဘူးနော်။ နှစ်ဖက်မျှကြည့်ဖို့ပါ"

မေသော်က ဆရာမကြီး၏ စကားကြောင့် အားတက်လာသည်။

"ကျွန်မလည်း ဆရာမကြီးတွေးသလိုပဲ တွေးမိပါတယ်။ ကလေးနှစ်ယောက်ဟာ အတန်းခွဲချင်းလည်း မတူကြတာမို့ နောက်ထပ်ဖြစ်စရာလည်း အကြောင်းမရှိပါဘူး။ ကျွန်မတို့ကလည်း နောက်ဆို ဒီထက်ပိုပြီး ဂရုစိုက်ရမှာပေါ့"

တာပေတူးအမေကတော့ တုတ်တုတ်မှမလှုပ်။ ဒဏ်ရာရသော ကလေး၏ မိဘကသာ စိတ်ပြောင်းသွားသည်။

"အင်း...ဆရာမတို့ လုပ်ငန်းကလည်း မလွယ်ဘူးနော်။ မတစ်ထောင် သားသမီးကို ထိန်းရတာ"

ဟု လူမှုရေးစကား ဆိုသည်။ အားလုံး ညှိနှိုင်းပြောဆိုပြီးကြသလို ဆိုင်ရာဆိုင်ရာတွေ ပြန်ကြသောအခါ တာပေတူး၏ အမေကတော့ ကျောင်းအုပ်ဆရာမကြီးနှင့် မေသော့်ကိုကပ်၍ ဒေါသသံဖြင့် စကားဆိုသွားလိုက်သေးသည်။

"ဆရာမကြီးရေ ဒီကောင့်ကို လျှော့မတွက်နဲ့နော်။ ကျွန်မက ဟော ဒီဝမ်းနဲ့လွယ်ပြီး မွေးခဲ့တဲ့ အမေရင်းခေါက်ခေါက်ပါ။ သူဟာ ကျွန်မရဲ့ မွေးစား


mgyoe.com

mgyoe.com SAMPLE BOOK

သားလည်း မဟုတ်ဘူး။ လင်ပါသားလည်း မဟုတ်ဘူး။ ကျွန်မရော သူ့အဖေပါ ဆုံးမတဲ့ကြားက ဒီပုံစံထွက်လာတာ။ နောက်တစ်ခါ ထပ်ပြီးပြဿနာပေါ်မှ ဆရာမလေးတို့ သူ့အကြောင်းကို နားလည်လိမ့်မယ်။ ကျွန်မကတော့လေ ဒါတွေ ရိုးနေပြီ။ သူ့ကိုသာ မှတ်လောက်သားလောက် အပြစ်ပေးဖို့ မမေ့ပါနဲ့" တဲ့။

မေသော်က ထိုအမေ၏ ကရုဏာဒေါသကို ဘယ်လိုမှ နားမလည်နိုင်ခဲ့ပေ။ နောက်ပြီး ကျောင်းမှ ဆရာမအချို့ကိုလည်း မလွန်ဆန်နိုင်ခဲ့ပေ။ ပြစ်မှုတစ်ခုကို ကျူးလွန်မှန်းသိအောင် အပြစ်ပေးသင့်သည် ဆိုသော မှတ်ချက်ဖြင့် ထိုနေ့က တာပေတူး အရိုက်ခံခဲ့ရခြင်း ဖြစ်သည်။

တစ်ကျောင်းလုံးရဲ့ ရှေ့မှာ ဆွေ့ဆွေ့ခုန်ကာ ခြေသလုံးလေးကို ပွတ်ပြီး မျက်ရည်ပေါက်ကြီးငယ် ကျနေသော တာပေတူးကိုကြည့်၍ ရင်ထဲမှာ ဝေဝါးစွာ နာကျင်သောဒဏ်ရာတစ်ခု ရခဲ့သည်။ ပြီးတော့ တာပေတူးဆိုသော ကလေးငယ်သည် မေသော့်အသည်းနှလုံး၏ နက်ရှိုင်းဆုံး နေရာထိ ခိုဝင်ပုန်းအောင်းခဲ့သည်။

□


mgyoe.com

mgyoe.com SAMPLE BOOK

ကလေးတစ်ယောက်၏ အမှား။

ထိုအမှားသည် ထိုကလေး တစ်ဦးတစ်ယောက်နှင့်သာ သက်ဆိုင်သော သီးသန့်အမှား ဟုတ်မဟုတ်ကိုတော့ ဖွေရှာစိစစ်ရန် လိုမည်ထင်၏။ အမှားအတွက် ပါဝင်ပတ်သက်နေသူများကို မေသော်က ရွေးချယ်သုံးသပ်နေမိသည်။ ကလေး၏ စိတ်ထွက်ပေါက်ကိုလည်း ထင်ယောင်ဝိုးဝါး မြင်မိသလိုလို ရှိလာသည်။ ကလေးလျှောက်မည့်လမ်းကို ဒီအတိုင်းပဲ ရှိနေစေတော့မှာလား။

စိကာစဉ်ကာ ဝင်လာသော မေသော့်အတွေးထဲမှာ တာပေတူးသည် ပီပြင်ထင်ရှားစွာ ရှိမနေဘဲ တာပေတူး၏ မိခင်ဖြစ်သူ ဆိုးဝါးစွာကြည့်သော အကြည့်၊ ကြမ်းသောစကားများနှင့် ကြင်နာမဲ့ကင်းသော အပြုအမူများကိုသာ သဲသဲမဲမဲ ပေါ်နေလေသည်။ ဒီမိန်းမကြီးက ဘယ်လိုလဲ။

တာပေတူး တစ်တန်းရောက်သည်အထိ သုံးခါတိတိသာ မြင်ဖူးသော မိန်းမကြီးတစ်ယောက်အကြောင်းကို အပြစ်တင်ရန် ဝေဖန်ရန် ခက်ခဲနေ၏။

ဇလပ်နီစာပေ

mgyoe.com

mgyoe.com


ပထမဆုံးအကြိမ် တွေ့ဖူးတာကတော့ တာပေတူးကို ပထမဆုံး ကျောင်းလာအပ်သည့် အခါတုန်းက ဖြစ်သည်။

"ကလေးနာမည် ပြောပါ"

မေသော်က မော့မကြည့်ဘဲ ကျောင်းသားသစ်လက်ခံသည့် စာအုပ်ထဲမှာ စာရင်းရေးရင်းမေးတော့ -

"သူရရဲထက်"

တဲ့။ စူးစူးရှရှ ကလေးသံကလေးက မေသော့်နားထဲသို့ ဖျတ်ခနဲ တိုးဝင်လာ၏။ ထူးဆန်းလှပသော နာမည်ကလေးနှင့် အမေကိုမေးတာ သွက်သွက်လက်လက် ဝင်ပြောလိုက်သော ကလေးကို မော့ကြည့်တော့ အဲဒီမိန်းမကြီးက -

"ဆရာမရေ...ဒီကောင်က ဆိုးတယ်နော်။ မျက်နှာသာ မပေးနဲ့ သိလား။ ဆော်သာဆော်။ ကျွန်မတို့က ဆရာ ဆရာမ ဆုံးမရင် ဘယ်တော့မှ စိတ်မဆိုးဘူး။ နာနာသာရိုက်။ အပြီးအစီး အပ်ပါတယ်"တဲ့။

ထိုအမေသည် ကလေးသေးသေးကွေးကွေးကို ရိုက်ဖို့ နှက်ဖို့ အတွင်တွင်မှာ၍ အပ်နှံနေသည်။ ကလေးကတော့ သူ၏အမေကို ကြောင်ကြောင်ကလေး ကြည့်နေ၏။ မေသော်က ကလေးကို သနားကြင်နာစွာ ကြည့်ရင်း -

"ရုပ်ကလေးက ချောချောနဲ့ သားသားက မဆိုးပါဘူးနော်၊ လိမ္မာတယ် ဟုတ်လား"

ဟု ကလေးကို အားပေးနှုတ်ဆက်သည်။

"အမယ်လေး...မထင်နဲ့နော် ဆရာမ။ မှာခဲ့ပါပေရဲ့။ နောက်မှ တာတေလန်အောင် ဆိုးလို့ဆိုပြီး ကျွန်မကို ပြန်မအပ်နဲ့။ သူ့ကို အိမ်မှာတော့ တာပေတူးလို့ ခေါ်တယ်"

အဲဒါ ပထမဆုံးတွေ့ခြင်း ဖြစ်သည်။ ထိုနှစ်တစ်နှစ်လုံး မတွေ့ခဲ့ရပေ။ ဒါကလည်း မိဘအတော်များများ၏ ထုံးစံဟု ဆိုရမလား။ ကလေးကျောင်း အပ်ပြီးလျှင် နောက်တစ်နှစ်ကျောင်းအပ်ချိန် မရောက်မချင်း ပေါ်လာလေ့မရှိ။ ဒါက မေသော် အလုပ်လုပ်သော မူလတန်းကျောင်းကလေးမှ မိဘတို့၏ သဘော ဖြစ်သည်။


mgyoe.com

မေသော်တို့ ကျောင်းကလေးမှာ ကားနှင့် ဆိုင်ကယ်နှင့် ကျောင်းတက်နိုင်သောကလေး သုံးယောက်ထက် ပိုမရှိပါ။ မိဘများသည် ဝန်ထမ်းများနှင့် လက်လုပ်လက်စားများသာ ဖြစ်သည်။ ဆရာမများကိုယုံ၍ ပုံအပ်ထားတာလည်း ဖြစ်နိုင်ပြီး သားသမီး၏ ကျောင်းကိစ္စကို လှည့်မကြည့်နိုင်အောင် ရှုန်းကန်နေရတာလည်း ဖြစ်နိုင်သည်။

ကျောင်းက ဆရာမများကလည်း နေရာဒေသနှင့် လျော်ညီစွာပင် မဖြစ်နိုင်လွန်းသည့် ကိစ္စမှအပ မိဘကို ကျောင်းသို့ ခေါ်လေ့မရှိပါ။ နှစ်ပတ်လည် ဆုနှင်းသဘင်နှင့် ဆရာမိဘ နှစ်ပတ်လည်အစည်းအဝေး ထိုအခါမျိုးမှာတောင်မှ ဆုရသောကလေးများ၏ မိဘများက သူတို့ကလေး ဆုယူစဉ် ခဏလာပြီး ဓာတ်ပုံရိုက်၍ အလုပ်သွားရမှာမို့ပါနော်ဆရာမဟု ခွင့်တောင်းကာ အမြန်သုတ်ပြေးကြသည်။ ထို့ကြောင့် မေသော်သည် တာပေတူး၏ အမေကိုလည်း အထူးတလည် တွေ့ဆုံခြင်း မပြုခဲ့ပေ။

တာပေတူး ပထမတန်းတက်သော ကျောင်းဖွင့်စနေ့မှာတော့ တာပေတူး၏ မေမေသည် ကျောင်းမှ ဆရာမများအားလုံးကို မုန့်ဟင်းခါးလာပို့ပြီး သူ့သားကို ကျောင်းအပ်သည်။

"ကျွန်မ မန္တလေးတောင်ပေါ်မှာ မုန့်ဟင်းခါး ရောင်းတယ်။ အလှူအတန်းတွေ ဘာတွေဆိုလည်း အော်ဒါလိုက်ချက်ပါတယ်။ မြန်မာ၊ တရုတ် ထမင်းဟင်း အကုန်ချက်တတ်တယ်နော်။ ဆရာမတို့ လိုအပ်ရင် တာပေတူးနဲ့သာ မှာလိုက်"

ဟု ချော့ဝတ်ပျူငှာ စကားကိုလည်း ဆိုသွားဖူးသည်။

တတိယအကြိမ် တွေ့ရတာကတော့ တာပေတူး၏ အဖြစ်ကြောင့်ပါပဲ။ တာပေတူးကို မေးကြည့်တော့လည်း မောင်နှမ များများစားစား မရှိ။ တာပေတူးသည် တစ်ဦးတည်းသောသားတဲ့။ အဖေရှိလားဆိုတော့ ဟုတ်... ရှိတယ်တဲ့။

မေသော်သည် တာပေတူးအကြောင်းနှင့် ပတ်သက်၍ သူ့မိသားစုအကြောင်းကို ပြည့်ပြည့်စုံစုံ ဘာမှမသိခဲ့သေးသော်လည်း တာပေတူးအမေ၏ စကားများက မှန်ကန်နေကြောင်းကိုတော့ ထောက်ခံရတော့မလို ဖြစ်နေသည်။


mgyoe.com

mgyoe.com SAMPLE BOOK

တာပေတူးနှင့် တွေ့ခဲ့ရသည့် တစ်နှစ်ကျော်ကျော် ကာလကလေး အတွင်းမှာ တကယ်ပင် တာတေလန်အောင်ဆော့သော ကလေးပါလားဟု တွေးစ ပြုလာရသည်။ အထိန်းရခက်သော သူ၏အပြုအမူတစ်ခုမှာ ဘေး ပတ်ဝန်းကျင်မှ ကလေးများကို အစဉ်အမြဲ နှောင့်ယှက်နေတတ်ခြင်းပင် ဖြစ်သည်။ သူ့ကိုပြောလျှင် ဟန့်တားလျှင်တော့ ဆရာမကို ပြုံးပြုံးကလေးပဲ တုံ့ပြန်သည်။

မေသော်က ကလေးများနှင့် ဘယ်တော့မှ ပြဿနာမဖြစ်တတ်သော ဆရာမဖြစ်သည်။ ကလေးတွေကို နှစ်နှစ်ကာကာ ချစ်သောစိတ်နှင့် သူတို့ ဘာပဲဖြစ်ဖြစ် အပြစ်မြင်လို့ မရ။

စကိုလည်း ဦးနှောက်ပူအောင် မသင်။ ကလေးများနှင့်အတူ ဆော့ကစားလိုက်၊ ပုံပြင်ပြောလိုက်၊ လေ့ကျင့်ခန်းတွေ လုပ်လိုက်နှင့် ပျော်ပျော် ပါးပါး နေစေခဲ့သည်။ ဘယ်မိဘရဲ့ သားသမီး၊ ဘယ်လိုအဆင့်အတန်းက လာသည့် ကလေးဖြစ်စေ မေသော့်စာသင်ခန်းထဲမှာ စိတ်၏ လွတ်လပ်မှု၊ ကိုယ်၏ လွတ်လပ်မှု အပြည့်ဖြင့် နေခွင့်ရှိသည်။

တုတ်ကြီးကြီး တစ်ချောင်းဖြင့် သင်ပုန်းကြီးကို တဖြန်းဖြန်းရိုက်သော အလုပ်ကို မေသော် ဘယ်တုန်းကမှ မလုပ်ခဲ့ပေ။ ထိုက်တန်သော အပြစ် ပေးခြင်း ဆိုတာမျိုးထက် ဒါလုပ်ရမှာ၊ ဒါကမလုပ်ရဘူး ကလေးတို့၏ စိတ်မှာ စွဲနေအောင် အမောခံ၍ ပြောပြသည်။

စိတ်တော့ ရှည်ရ၏။ မေသော့်မှာ ကလေးများနှင့် ပတ်သက်သော စမ်းသပ်မှုတွေ အများကြီးရှိခဲ့သည်။ ကလေးကို စာသင်သောနေရာမှာ ကိုယ့် ကိုယ်ကိုယ် ဆရာမအဖြစ် သင်ခြင်းထက် ကလေးတွေ၏ အမြင်မှာ သူတို့နှင့် တူသော ကလေးတစ်ယောက်က ပြောပြနေသလိုမျိုး သင်ကြားခြင်းက ပို၍ ထိရောက်မှုန်း တဖြည်းဖြည်းနှင့် သိလာရလေသည်၊ ထို့ကြောင့်ပင် မေသော်သည် ကလေးများနှင့် တစ်သွေးတစ်သားတည်း ဖြစ်နေသည်။

မေသော်မှာ ကျောင်းကိုရောက်လာလျှင် ကလေးတွေက ဘယ်သူမှ မဆင့်ဆိုရဘဲ အုပ်လိုက်ကြီး ကျောင်းဝင်းရှေ့မှာ လာကြိုနေကြသည်။ ဟိုကဆွဲ သည်ကဆွဲနှင့် လှပမွှေးကြိုင်စွာ ပြင်ဆင်သွားသမျှ မိနစ်ပိုင်းအတွင်းမှာပင် ကလေးနံ့ ချွေးနံ့တွေနှင့် သင်းပျံ့သွားတော့၏။


mgyoe.com

mgyoe.com SAMPLE BOOK

မေသော်က ရှေ့မှ ကလေးများ၏စာကို စစ်ပေးနေလျှင် စာစစ်ခံရန် ဝိုင်းအုံစောင့်နေသော ကလေးများက မေသော်ကို လုပ်ချင်တာတွေ လုပ်နေကြသည်။ မေသော့်ခေါင်းကို ပန်းတွေ ပန်ပေး၏။ မေသော့်ဆံထုံးမှာ ထိုးထားသော ဆံထိုးကို ဖြုတ်ကြည့်ပြီး ပြန်မထိုးတတ်သောအခါ စာစစ်နေသော မေသော့် လက်ကို အတင်းဆွဲ၍ -

"ဆရာမရေ...ဆရာမရေ ဒါလေးပန်လိုက်ဦး၊ ပြန်တင်လို့ မရဘူး" ဟု ပြော၏။

"မင်းတို့ကကွာ ငါ့ကိုများ ဆရာမလို့များ မှတ်ကြသေးရဲ့လား။ ဆရာမ မလှတော့ဘူး။ ဖယ်ကြစမ်းပါဦး ဘေးနားကို"

ဟု ဆိုလျှင် -

"ဝိုင်းမအုံရရင် တစ်ယောက်တစ်လှည့် ကပ်ရမလား ဆရာမ"

ဟု မေးကြသေးသည်။

"ဘာလုပ်ဖို့ ကပ်မှာတုံး။ မင်းတို့မှာလည်း ကိုယ့်ခုံနဲ့ကိုယ် ပေးထားတာ"

ပြောလျှင် -

"အင်း...ကပ်ချင်တာကိုး"

ဟု မျက်လုံးကလေး အဝိုင်းသားနှင့် ပြောသည်။

"ဆရာမကို ချစ်လို့"

ဟု မပြောသော်လည်း ကလေးတို့၏ မျက်ဝန်းရိပ်ကို မေသော်က နားလည်နေသည်။ သူတို့မျက်ဝန်းကလေးတွေမှာ အားကိုးအားထား ပြုတာ၊ ချစ်ခင်မြတ်နိုးတာ၊ အားကျအတုယူချင်တာ ထိုအကြည်ဓာတ်ကလေးများကို မပျောက်ပျက်စေလို၍ မေသော် တုတ်ကို အဝေးဆုံးက ရှောင်ခဲ့သည်။

တစ်ခါတလေတော့လည်း ရှေ့မှာ စာငုံ့စစ်နေသော မေသော်၏ နောက်ကျောကို အင်္ကျီဖြူဖြူပေါ်မှာ ခဲတံနှင့် ပုံတူလာဆွဲကြ၏။ မေသော်က ယား၍ ကျောကိုတွန့်ပြီး ရှန်းလျှင် သူတို့က လက်ခုပ်လက်ဝါးတီးကာ ဝမ်းသာလျက် "ဆရာမ ငြိမ်ငြိမ်နေ ပြီးတော့မှာ" ဟု ဆိုလိုက်သေး။

"မလုပ်ရဘူး။ ဘယ့်နှယ် ဆရာမနောက်ကျောမှာ ပုံဆွဲရတယ်လို့။ မှတ်ထားနော်။ ဆရာမ နောက်ကျော၊ သူငယ်ချင်းတွေရဲ့နောက်ကျော၊ နံရံတွေ

mgyoe.com SAMPLE BOOK

ပေါ်မှာ ပုံမဆွဲရဘူး။ ပုံဆွဲချင်ရင် စာရွက်ပေါ်မှာ ဆွဲရတယ်။ မင်းတို့ ပုံဆွဲ မလား၊ ဆရာမ သင်ပေးမယ်"

ဟု အာရုံပြောင်းပြီး တတ်သမျှ မှတ်သမျှ ပုံဆွဲသင်ပေးရသည်။

ကိုနိုင်က သူဖတ်ဖူးသော စာအုပ်တစ်အုပ်ထဲမှာ -

"ကလေးတွေကို ပုံဆွဲပြီး ဆေးချယ်ခိုင်းတာဟာ သူတို့ရဲ့ Emotional Control စိတ်ထိန်းနိုင်စွမ်းအား ကောင်းလာစေတယ်။ သူတို့လက် ကလေးတွေကို သူတို့ ထိန်းနိုင်သလို စိတ်ကိုလည်း ထိန်းလာနိုင်မယ်။ နောက်ပြီး အရောင်တွေရဲ့ သဘာဝကို ချစ်မြတ်နိုးလာရင် အနုပညာနဲ့ ပတ်သက်တဲ့ တီထွင်မှုတွေကိုလည်း ဖြစ်စေနိုင်တယ်"

ဟု ပြောဖူးသောကြောင့် မေသော်လည်း မုန့်ဖိုးကလေးများကို စု၍ ရောင်စုံဘူးတွေဝယ်၊ စာရွက်လွတ်တွေစု၍ ကလေးတွေကို တစ်ပတ်မှာ နှစ်ကြိမ်ခန့် ပုံဆွဲ၍ ဆေးခြယ်စေခဲ့သည်။

တာပေတူး တစ်ယောက်ကတော့ ထိုအလုပ်မျိုးကိုလည်း ဟုတ်တိပတ်တိ မလုပ်ခဲ့ပေ။ တခြားကလေးတွေက ကိုယ့်စာကိုယ် စိတ်ပါလက်ပါ လုပ်နေချိန်တွင် သူကတော့ ဘယ်သူ့ကို နှောင့်ယှက်ရမလဲ တွေးနေသည်။ တစ်ခါမဟုတ် နှစ်ခါမဟုတ် နှောင့်ယှက်ခြင်းခံရတဲ့ ကလေးများက လာတိုင်သောအခါ မေသော်သည် တာပေတူးကို လျစ်လျူရှုရန် မဖြစ်နိုင်တော့ပေ။

"သား သူများကို ဘာဖြစ်လို့ လိုက်ရှုပ်နေရတာလဲ"

မေသော်က တာပေတူး၏ လက်ကလေးကို ဆွဲ၍ ချိုချိုသာသာ မေးသောအခါ ပါးချိုင့်ကလေးပေါ်အောင် ရယ်ပြပြီး -

"ပျင်းလို့"တဲ့။

"ပျင်းရင် သူများတွေလို ပုံဆွဲပါလား သားရယ်"

"ဆွဲတတ်ဘူး"

"ဒါဆို ဆရာမယူလာတဲ့ ရွှေသွေးစာအုပ်ကလေးတွေ အရုပ်ကြည့်၊ သိချင်တာကလေးတွေရှိရင် စာလုံးပေါင်းပြီး ဖတ်ကြည့်ပါလား၊ စာတောင် ပိုတတ်လာဦးမယ်"

"တော်ပြီ"

"ဘာဖြစ်လို့လဲ သားရဲ့"


mgyoe.com

mgyoe.com
SAMPLE BOOK

"အရုပ်လည်း မကြည့်ချင်ဘူး။ စာလည်း ပေါင်းမဖတ်ချင်ဘူး"

"ကဲ... ဒါဖြင့် ငါ့သားက ဘာလုပ်ချင်တာလဲ၊ ဆရာမကို ပြောပါဦး"

"ဟိုကောင်လေးတွေကို လိုက်စနေချင်တာ"

ကဲ... ပြီးရော။ ဒါ သူ့ဝါသနာများလား။ လူတစ်ယောက်မှာ ဝါသနာတစ်မျိုးစီ ရှိကြရာမှာ သူ့ဝါသနာကိုက သူများကို နှောင့်ယှက်ဖို့ ဖြစ်နေလျှင် မခက်ဘူးလား။ ထိုကလေးမျိုးသည် အတန်းတစ်တန်းလျှင် တစ်ယောက်စ နှစ်ယောက်စတော့ တွေ့ရမြဲ ဖြစ်သည်။ သူ့ကိုထိန်းသော ဆရာမပေါ်တွင် မူတည်၍ သူ၏ဦးတည်ချက်က ပြောင်းသွားတတ်သည်။ ဘယ်လိုပဲဖြစ်ဖြစ် ကုစားမှု ပေးကိုပေးရမည့် ကလေးအမျိုးအစားပင် ဖြစ်သည်။

အသိဉာဏ်၊ အသည်းနှလုံးတို့နှင့် ဖွဲ့တည်ထားသော ကလေး၏ အခြေခံစိတ်တစ်မျိုးကို ပြောင်းလွဲပေးရန် လွယ်ကူလှသော အလုပ်မဟုတ်၍ မေသော်မှာ ဦးနှောက်မီးတောက်တမျှ စဉ်းစားအကြံယူရသည်။ ထုံးစံအတိုင်း မေသော်က ဆရာကြီးလုပ်ချင်လှသော ကိုနိုင့်ထံ တပည့်ခံရတာပေါ့။

"ကလေးရဲ့နောက်ကြောင်းရာဇဝင် မသိဘဲနဲ့ မေသော်လုပ်ချင်တာ ဘာမှလုပ်လို့ရနိုင်မှာ မဟုတ်ဘူး။ သူ့အမေကို ခေါ်ပြီးတွေ့ဖို့ ကြိုးစား"

ဟု ကိုနိုင်က အကြံပေးလေသည်။

"သားသား မင်းရဲ့မေမေက ဘယ်အချိန်မှာ အားသလဲ"

"ဘယ်အချိန်မှ မအားဘူး"

"ဟာကွာ၊ သားကလည်း တစ်ချိန်ချိန်တော့ အားမှာပါ။ ဆရာမကို ပြောပြလေ။ မေမေက တစ်နေ့တစ်နေ့မှာ ဘာတွေလုပ်ရသလဲဆိုတာ စဉ်းစားပြီး ပြောပြ"

"မနက်အစောကြီးထ၊ မုန့်ဟင်းခါးနဲ့ အသုပ်ရောင်း။ ဈေးသွား။ ပြန်လာတော့ နောက်တစ်နေ့စာချက်။ အဝတ်လျှော်။ တစ်ခါတလေ အလှူက ချက်ဖို့ခေါ်ရင် ညအိပ်လိုက်သွားရော"

သူပြောပြသည့်အတိုင်း ဆိုပြန်တော့လည်း တာပေတူးမေမေသည် မေသော့်ကို လာတွေ့ရန် အချိန်အတော်ကလေး လုရမည် ဖြစ်သည်။

"ဒါဆို ဖေဖေကရောကွာ"


mgyoe.com

mgyoe.com SAMPLE BOOK

"ဖေဖေက ခရီးထွက်သွားတာ ဟိုးအဝေးကြီးကို"

"ပြန်မလာဘူးလား"

"လာတယ်။ အကြာကြီးနေရင် လာတယ်။ သားသားဖို့ သေနတ်တွေ၊ အင်္ကျီတွေ၊ ဘောင်းဘီတွေ ဝယ်လာတယ်။ ခဏနေကျ ပြန်သွားရော။ နောက်ပြန်လာဦးမှာ။ ဒီတစ်ခါလာရင် သားဖို့ အင်္ကျီဝယ်လာမှာ။ မုန့်ဖိုးတွေလည်း အများကြီး ပေးဦးမှာ"

"ဟုတ်လား၊ ကောင်းတာပေါ့ သားရဲ့။ ဖေဖေက မပြောဘူးလား။ လိမ်လိမ်မာမာနေ၊ စာကျက်၊ စာမေးပွဲအောင်အောင်လုပ်လို့ မပြောဘူးလား"

"ပြောတယ်၊ ပြောတယ်။ ပထမရရင် စက်ဘီးဝယ်ပေးမှာတဲ့"

"သားက စက်ဘီးမလိုချင်ဘူးလား"

ဆိုတော့ -

"လိုချင်တယ် ဆရာမ။ ဒါပေမဲ့ စာကျက်ရမှာ ပျင်းလို့။ ဆရာမက သားကိုချစ်ရင် အမှတ်တွေ အများကြီး ပေးပါလား။ ဆရာမကို ချိုချဉ်ကျွေးမယ်လေ။ နေ့တိုင်း ကျွေးမယ်"

အဲဒီလို တာပေတူး ဖြစ်သည်။ ဘွားဘွားတို့ ဒေါ်လေးဖြူတို့ကို ပြောပြတော့ သဘောကျပြီး ရယ်လို့မဆုံး။

"ကြည့်စမ်း၊ ပထမတန်းကလေးက လာဘ်ထိုးတတ်နေပြီ။ ဒီအတိုင်း သူများတွေကိုပြောရင် ယုံမှာမဟုတ်ဘူး"

ဟု ဒေါ်လေးဖြူက ဝေဖန်သည်။

အဲဒီအချိန်ကတည်းက မေသော်၏ သောကများ အစပြုခဲ့ရသည်။ ကလေးအတွက် မိဘနှင့် အချိန်မီ ညှိနှိုင်းရတော့မည့် အခြေအနေမျိုးဆိုတော့။

"ဆရာမက သားရဲ့မေမေကို တွေ့ချင်တယ်။ အဲဒါ သားပြောပေးမလား။ ဈေးသွားရင်းနဲ့ လမ်းကြုံသားပဲ။ ဆရာမကို ခဏဝင်တွေ့ပါလို့"

တာပေတူးသည် သိသိသာသာ မျက်နှာပျက်သွားသည်။

"မဖြစ်ပါဘူး။ အမေ့ကို ခေါ်ခဲ့ရင် ရိုက်ခံရမှာပဲ"

မေသော်က ကလေး၏စကားကြောင့် ထိတ်လန့်စိုးရွံ့သွား၏။ ကလေး၏ရင်ထဲက ဒဏ်ရာကို မြင်တွေ့လိုက်ရသည်။ ကလေးသည် ကြောက်ရွံ့စိတ်တစ်ခု၏ ပိတ်လှောင်မှုအောက်မှာ ထွက်ပေါက်မဲ့နေသည်။


mgyoe.com

mgyoe.com SAMPLE BOOK

"သားကို မေမေက ရိုက်သလား"

"ရိုက်တယ် ဆရာမ။ ခေါင်းကိုလည်း ခေါက်တယ်။ တစ်ခါတလေ စိတ်အရမ်းဆိုးရင် တွေ့ရာနဲ့ ကောက်ပေါက်တာ၊ အဖေကရောပဲ"

"ဟောတော်...သား ဟိုတစ်ခါ ကောင်လေးတစ်ယောက်ကို တုတ်နဲ့ ထိုးလိုက်တုန်းက အိမ်ပြန်ရောက်တော့ ရိုက်လားဟင်"

"ကြိုးနဲ့တုပ်ပြီး ရိုက်တာ။ မိဘကို အရှက်ခွဲလို့တဲ့"

ကလေးက ညှိုးငယ်စွာ ပြောသည်။ မေသော်လည်း စိတ်ညစ်သွားသည်။ ကလေး၏ အသားအရေကလေးကတော့ သန့်စင်လျက်ပါပဲ။ ရုပ်ကလေးကလည်း သနားကမား။ ကလေး၏ မိဘများသည် အရင်းအချာများမှ ဟုတ်နိုင်ပါ့မလား။ အမေကိုယ်တိုင်က ဝမ်းနှင့် လွယ်၍ မွေးခဲ့ကြောင်းကိုတော့ ဆရာမကြီး၏ ရှေ့မှာပင် ပြောပြခဲ့ဖူးသည်။

"ဆရာမက သားရဲ့မေမေကို တွေ့ချင်တာ တိုင်ဖို့မဟုတ်ပါ ဘူးကွယ်။ သားကို မရိုက်ဖို့ ပြောချင်လို့ပါ။ သားက အရိုက်မခံချင်ဘူး မဟုတ်လား"

"အရိုက်မခံချင်ဘူးလေ။ ဒါပေမဲ့ ဆရာမက သား စာမကျက်တာတွေ၊ အတန်းထဲမှာ ရန်ဖြစ်တာတွေ ပြောမိတော့ ဘယ်လိုလုပ်မလဲ"

ကလေးသည် မေသော့်ကို ပွင့်လင်းစွာပင် ပြန်ပြော၏။ သူ၏ ပွင့်လင်းမှုက မေသော့်ကို စိတ်ဓာတ်ကျစေပါသည်။ မေသော့်ကိုပင် ကလေးက မယုံကြည်ပေ။ ဒါဟာ သူ့ရဲ့အရိုက်မခံလိုမှုအတွက် စိုးရိမ်ကြောင့်ကြမှုများသာ ဖြစ်ကြောင်း တွေး၍ ဖြေသိမ့်ရ၏။

နောက်တစ်နေ့မှာတော့ တာပေတူးသည် ကျောင်းကို ရောက်ရောက်ချင်း မေသော့်ထံကို ပြေးလာပြီး သတင်းတစ်ခုကို ပေးသည်။

"ဆရာမရေ... အမေက မအားလို့ လိုက်မလာနိုင်ဘူးတဲ့။ သားကို ဆရာမဟာ ဆရာမ ကြည့်ပြောတဲ့"

"မင်းအမေက ဒီလိုပြောသလားကွယ်"

"ဟုတ်တယ် ဆရာမရဲ့။ အမေက မကောင်းဘူး။ သိပ်စွာတာ။ တွေ့မနေနဲ့ ဆရာမ။ အမေ့ကို ခေါ်မနေနဲ့တော့"တဲ့။

ကလေး၏မျက်ဝန်းကို ဖျတ်ခနဲ အမြေရှာ၍ ကြည့်သောအခါ တာပေတူးက မေသော့်မျက်လုံးနှင့်ဆိုင်၍ မကြည့်ရဲပေ။ မေသော်သည် တာပေတူးကို


mgyoe.com